International
Labour
Organization

# နိုင်ငံတကာတရားဥပဒေများနှင့် စံနှုန်းများအရ မြန်မာနိုင်ငံရှိ ကလေးသူငယ် အလုပ်သမားဆိုင်ရာ နိုင်ငံတော်ဥပဒေများနှင့် စည်းမျဉ်းများကို တရားဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ခြင်း

## အနှစ်ချုပ်ဖော်ပြချက်

International
Programme
on the
Elimination
of Child Labour
(IPEC)

Fundamental Principles and Rights at Work Branch (FUNDAMENTALS)

# နိုင်ငံတကာတရားဥပဒေများနှင့် စံနှုန်းများအရ မြန်မာနိုင်ငံရှိ ကလေးသူငယ် အလုပ်သမားဆိုင်ရာ နိုင်ငံတော်ဥပဒေများနှင့် စည်းမျဉ်းများကို တရားဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ခြင်း

## အနှစ်ချုပ်ဖော်ပြချက်

International
Programme
on the Elimination
of Child Labour
(IPEC)

Fundamental Principles and Rights at Work Branch (FUNDAMENTALS)

မူပိုင်ခွင့် © အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၅

ပထမအကြိမ်ထုတ်ဝေသည်။ ၂၀၁၅

ကမ္ဘာ့တစ်လွှားမူပိုင်ခွင့်သဘောတူညီချက်ကျင့်ဝတ် ၂ အရ အိုင်အယ်လ်အို၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှမူပိုင်ခွင့်အနေဖြင့် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။ မည်သည့်မူလရင်းမြစ်မှကူးယူကြောင်းဖော်ပြပါက ခွင့်ပြုချက်ရယူမှုမရှိသော်လည်း အစိတ်အပိုင်းတိုလေးများကိုထုတ်နုတ်ကိုးကားဖော်ပြခွင့်ရှိပါသည်။ ပြန်လည်ဆင့်ပွားခြင်း (သို့) ဘာသာပြန်မှုများအတွက် အိုင်အယ်လ်အို ပုံနှိပ်ထုတ်ဝေခြင်း (လုပ်ပိုင်ခွင့်နှင့်ခွင့်ပြုချက်)၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၊ CH-1211 ဂျီနီဗာ ၂၂၊ ဆွီဇလန် (သို့) အီးမေးလ် - rights@ilo.org သို့လျှောက်ထားတောင်းခံရပါမည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှ ထိုကဲ့သို့ လျှောက်ထားမှု များကို လက်ကမ်းကြိုဆိုပါသည်။

စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားမှတ်ပုံတင်ထားသည့် ပြန်လည်ဆင့်ပွားအဖွဲ့အစည်းများက သူတို့အားချမှတ်ပေးထားသည့်လိုင်စင်နှင့်အညီပြန်လည်ကူးယူနိုင်ပါသည်။ သင့်နိုင်ငံအတွင်းတွင်ရှိသော ပြန်လည်ဆင့်ပွားခွင့် www.ifrro.org သို့ဝင်ရောက်ကြည့်ရှုနိုင်သည်။

---

FPRW-IPEC

*နိုင်ငံတကာတရားဥပဒေများနှင့် စံနှုန်းများအရ မြန်မာနိုင်ငံရှိ ကလေးသူငယ်အလုပ်သမားဆိုင်ရာ နိုင်ငံတော်ဥပဒေများနှင့် စည်းမျဉ်းများကို တရားဥပဒေနှင့်အညီပြန်လည်သုံးသပ်ခြင်း- အနှစ်ချုပ်ဖော်ပြချက်* / International Labour Office, International Programme on the Elimination of Child Labour (IPEC) - Geneva: ILO, 2015.

ISBN: 978-92-2-830200-4 (Print); 978-92-2-830201-1 (Web PDF)

International Labour Office; ILO International Programme on the Elimination of Child Labour

child labour / international labour standards / labour legislation / regulation / comment / application / Myanmar - 13.01.2

အင်္ဂလိပ်ဘာသာဖြင့်လည်းဖတ်ရှုနိုင်သည်။ *A Legal Review of National Laws and Regulations Related to Child Labour in Myanmar in Light of International Laws and Standards - Executive Summary* (ISBN 978-92-2-130206-3 (print); 978-92-2-130207-0 (Web PDF)), Geneva: ILO, 2015

*အိုင်အယ်လ်အို ပုံနှိပ်ထုတ်ဝေခြင်းအချက်အလက်စာရင်းပြုစုခြင်း*

| အသိအမှတ်ပြုမှု |
| --- |
| ဤပုံနှိပ်ထုတ်ဝေခြင်းအား အပြည်ပြည်ဆိုင်ရာကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သော Natsu Nogamir မှ အဓိကအစီရင်ခံစာပေါ် အခြေခံပြီး အသေးစိတ်စီစဉ်ပြင်ဆင်ခြင်း၊ Nadèche Andrianasolo မှ အသေးစိတ်စီစဉ်ပြင်ဆင်ပြီး မြန်မာနိုင်ငံကလေးသူငယ်အလုပ်သမားပပျောက်ရေးအစီအစဉ် (My-PEC)၊ ILO ရန်ကုန်ရုံးမှ Selim Benaissa မှညှိနှိုင်းဆောင်ရွက်သည်။ ILO ရန်ကုန်ရုံးမှ Pyiamal Pichaiwongse၊ စောဆာကပေါ်၊ နှင်းဝတ်ရည်၊ ILO အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံးမှ Simrin Singh၊ ILO ဂျီနီဗာရုံးမှ Yoshie Noguchi, Bharati Pflug နှင့် Jose-Maria Machado Ramirez တို့မှ ထင်မြင် သုံးသပ်ချက်များ၊ အကြံပြုဆွေးနွေးခြင်း နှင့် ထောက်ပံ့မှုဖြင့် ပံ့ပိုးပေးခဲ့သည်။<br>ဤ ILO ပုံနှိပ်ထုတ်ဝေခြင်းအတွက် ရန်ပုံငွေအား အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာနမှ ထောက်ပံ့ပေးသည်။ (Project MMR/13/10/USA).<br>ဤပုံနှိပ်ထုတ်ဝေခြင်းသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာန၏ အမြင်(သို့) မူဝါဒများနှင့် သက်ဆိုင်မှုမရှိပါ။ (သို့) လုပ်ငန်းအမည်၊ စီးပွားရေးထုတ်ကုန်များ (သို့) အမေရိကန်ပြည်ထောင်စုအစိုးရမှ အတည်ပြုထောက်ခံထားသောအဖွဲ့အစည်း များ အဖြစ်ဖော်ပြထားခြင်းမရှိပါ။ |

ILO ပုံနှိပ်ထုတ်ဝေခြင်းသည် ကုလသမဂ္ဂ၏လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ဝေပြီး တင်ပြမှုများတွင် ပါဝင်သောအကြောင်းအရာများသည်လည်း ILO က မည်သည့်နိုင်ငံ၊ ဒေသ (သို့) နယ်မြေများ၏အခြေအနေပေါ် မှ မူတည်ခြင်းမရှိပဲ တင်ပြထားခြင်းဖြစ်ပါသည်။

အမည်နှင့်တကွ ရေးသားဖော်ပြထားသည့် ဆောင်းပါးများ၏တွေးခေါ် ထင်မြင်ချက်၊ လေ့လာချက်နှင့် အခြားသတင်းဆောင်းပါးများ သည် စာရေးသူနှင့်သာ သက်ဆိုင်ပြီးပုံနှိပ်ထုတ်ဝေရာတွင်လည်း ILO၏ရေးသွင်းချက် ထင်မြင်ယူဆချက်များလုံးဝမရှိပါ။

ILO အနေဖြင့်လုပ်ငန်းများ၊ စီးပွားဖြစ်ထုတ်ကုန်များနှင့် ဖြစ်စဉ်များ၏ အမည်နာမများအားထုတ်ဝေသည့် စာအုပ်တွင်ဖော်ပြရည်ညွှန်းခဲ့သော်သွယ်ဝိုက်၍ ထောက်ခံခြင်းမဟုတ်သလို မဖော်ပြပါကလည်း သဘောမကျမနှစ်သက်၍ မဖော်ပြခြင်းမဟုတ်ပါ။

ILO ပုံနှိပ်ထုတ်ဝေခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ထုတ်ကုန်များကို အဓိကစာအုပ်ရောင်းသူထံမှတစ်ဆင့်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာဖြန့်ဝေသူများထံမှရရှိနိုင်မည်။ (သို့) ilo@turpin-distribution.com မှတစ်ဆင့်မှာယူနိုင်သည်။ ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်ဖြစ်သော www.ilo.org/publns or contact ilopubs@ilo.org သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်: www.ilo.org/ipec**

မြန်မာနိုင်ငံတွင် ထုတ်ဝေသည်။

ILO ရန်ကုန် မှ ဓာတ်ပုံပေါင်းစပ်သည်။

# မာတိကာ


နောက်ခံအကြောင်းအရာများ ....................................................................................1

လက်မှတ်ရေးထိုးအတည်ပြုထားသည့်အခြေအနေ ....................................................................3

မူဂါဒနှင့် အဖွဲ့အစည်းဆိုင်ရာ ယန္တ□ရားစနစ်များ.......................................................................4

နိုင်ငံတော်အဆင့် တည်ဆဲအလုပ်သမားဥပဒေနှင့် ဥပဒေ ပြင်ဆင်ပြောင်းလဲရေး လုပ်ငန်းစဉ် ................5

ဥပဒေဆိုင်ရာကန့်သတ်ချက်မူဘောင်.......................................................................................6

လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းပိုင်ခွင့်နှင့် စုပေါင်းဆွေးနွေးအရေးဆိုခြင်း ....................................6

သာတူညီမျှရှိရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေး ...........................................................................7

ပြဋ္ဌာန်းချက်အမှတ် (၁၃၈) အောက်ရှိဖြစ်ပေါ်လာနိုင်သည့် ချန်လုပ်ထားရှိမှုများ ................................8

ကလေးသူငယ်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်..............................................................................9

အလုပ်လုပ်ခွင့်ပြုရန်အငယ်ဆုံးအသက် .....................................................................................10

ပေါ့ပါးသည့်အလုပ်...........................................................................................................11

အလုပ်သင်နှင့် သက်မွေးသင်တန်းဆိုင်ရာ ချွင်းချက်များ ..............................................................11

အနုပညာ ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ ချွင်းချက်များ.....................................................................12

ကလေးသူငယ်အလုပ်သမား အဆိုးရွားဆုံးပုံစံများ (ပြဋ္ဌာန်းချက်အမှတ် ၁၈၂)...................................12

အဓမ္မ (သို့မဟုတ်) မလုပ်မနေရခိုင်းစေခံရသောအလုပ်သမား.......................................................13

အကြွေးဖြင့် နှောင်တည်းခိုင်းစေခြင်း (သို့မဟုတ်) မြေကျွန်စနစ် ..................................................14

ကလေးသူငယ်များကို ရောင်းချခြင်းနှင့် လူကုန်ကူးခြင်း ...........................................................14

လက်နက်ကိုင်ပဋိပက္ခများတွင်အသုံးပြုရန်အတွက် ကလေးသူငယ်များကို လက်နက်ကိုင်အဖွဲ့များ အတွင်းမဝင်မနေရ စုဆောင်းခြင်း .........................................................................................15

ကလေးသူငယ်ပြည့်တန်ဆာလုပ်ငန်း၊ ကလေးသူငယ်လိင်ဖျော်ဖြေရေးနှင့် လိင်နိုးဆွရေးလုပ်ငန်းများ .....16

တရားဥပဒေနှင့် မညီသောလုပ်ငန်းများမှ ကလေးသူငယ်များ........................................................16

ဘေးအန္တရာယ်ရှိသောအလုပ်...............................................................................................17

အလုပ်ချိန်များ ..............................................................................................................18

ညအချိန်လုပ်ရသောအလုပ်..................................................................................................18

ကလေးသူငယ်များအတွက် အိမ်ဖော်အလုပ် ............................................................................19

ဥပဒေ အာဏာတည်စေခြင်း ...............................................................................................20

တရားဥပဒေအရတာဝန်ခံမှုများ/ ပြစ်ဒဏ်များ ..........................................................................22

အရေးယူဖော်ဆောင်ရမည့် ဦးစားပေးကိစ္စရပ်များ ....................................................................23

## အတိုကောက်များ

| | |
|---|---|
| CRC | United Nations' Convention on the Rights of the Child<br>ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် |
| CSO | Central Statistical Office<br>ဗဟိုစာရင်းအင်းရုံး |
| HIV/AIDS | Human Inmuno-deficiency Virus/Acquired Inmune Deficiency Syndrome |
| ILO | International Labour Organization<br>အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ |
| MyPEC | Myanmar Programme on the Elimination of Child Labour<br>မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေး အစီအစဉ် |
| TVEL | Technical and Vocational Education Law<br>နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေး ဥပဒေ |
| TWG-CL | Technical Working Group on Child Labour<br>ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ |
| UAG | Union Attorney General's Office<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| UNICEF | United Nations Children's Fund<br>ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ |

## နောက်ခံအကြောင်းအရာများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အပြည်ပြည်ဆိုင်ရာတာဝန်ဝတ္တရားများနှင့်ကတိကဝတ်များကိုအပြည့်အဝလိုက်နာမှုရှိစေရန် ILO ၏နည်းပညာပိုင်းဆိုင်ရာထောက်ပံ့ကူညီမှုများနှင့်အတူ အရေးပါသော အလုပ်သမားဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိစာရင်းအင်းအချက်အလက်များအရ ကလေးသူငယ်အလုပ်သမားများ ပျံ့နှံ့လျက်ရှိနေမှုကို မြန်မာနိုင်ငံရှိကလေးအလုပ်သမားများမှ ပြသနေပါသည်။ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ရာသန်းခေါင်စာရင်း ကောက်ယူမှုတွင် အသက် (၁၀) နှစ် အတွင်းမှ (၁၇) နှစ်အတွင်းရှိ ကလေးသူငယ်စုစုပေါင်း ၂၃.၇၁ ရာခိုင်နှုန်းမှာ လုပ်သားအင်အားအဖြစ်ရှိနေကြောင်းကို တွေ့ရှိခဲ့ပါသည်။ ၂၀၁၅ခုနှစ် မြန်မာနိုင်ငံရှိ အလုပ်သမားအင်အားစစ်တမ်းမှ အသက် ၅နှစ်မှ ၁၇နှစ်တွင်းရှိ ကလေး ၉.၃ ရာခိုင်နှုန်းသည် ကလေးအလုပ်သမားအဖြစ်ရှိနေပြီး ၅.၁ ရာခိုင်နှုန်းသည် ဘေးဥပါဒ်အန္တရာယ်ရှိသော အလုပ်အကိုင်တွင် လုပ်ကိုင်နေရကြောင်း ခန့်မှန်းထားသည်။

လက်တွေ့ဘဝတွင် ကလေးသူငယ်အလုပ်သမားများမှာ နေရာအနှံ့တွင် ပုံစံမျိုးစုံဖြင့်ရှိနေကြောင်းတွေ့ရသည်။ ကလေးငယ်များမှာ အရွယ်မတိုင်ခင်အလုပ်ခွင်ဝင်ကြရခြင်း (သို့မဟုတ်) စားသောက်ကုန်လုပ်ငန်း၊ လမ်းဘေးဈေးရောင်းခြင်း၊ အမှိုက်ကောက်ခြင်းနှင့် အသေးစားစက်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် မိသားစုစိုက်ပျိုးရေးလုပ်ငန်းများသာမက အကြီးစားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများအစရှိသည့် အန္တရာယ်ရှိသောလုပ်ငန်းခွင်များတွင်ပါ ဝင်ရောက်လုပ်ကိုင်နေကြကြောင်းသိရှိရသည်။

ကလေးငယ်များကို စီးပွားရေးအရလိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းများနှင့်ပတ်သက်၍ မြို့ကြီးသုံးမြို့တွင် ၂၀၁၂ ခုနှစ်၌ ပြုလုပ်ဆောင်ရွက်ခဲ့သော UNICEF ၏ "မြန်မာနိုင်ငံရှိကလေးငယ်များ ၏အခြေအနေကို စိစစ်လေ့လာခြင်း" တွင် အသက် (၁၀)နှစ်မှ (၁၄) နှစ်အတွင်းရှိ မိန်းကလေး အလုပ်သမား ၁၂ ရာခိုင်နှုန်း ရှိပြီး အသက် (၁၅)နှစ်မှ (၁၉) နှစ်အတွင်း အလုပ်သမားများမှာ ၃၃ ရာခိုင်နှုန်းရှိကာ နှုတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးခံနေရခြင်းများရှိကြောင်း တွေ့ရသည်။ လူကုန်ကူးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် အဓမ္မလုပ်အားခိုင်းစေခြင်းခံရသော ယောကျာ်း၊ မိန်းမနှင့်ကလေးသူငယ်များထွက်ပေါ်ရာ ရင်းမြစ်နိုင်ငံတစ်ခုဖြစ်နေသည်ကိုတွေ့ရသည်။ ထို့အပြင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကိုလည်း အဓမ္မထိမ်းမြားစေခြင်း၊ လိင်ကုန်ကူးခြင်းများအတွက်စုဆောင်းပြီး မြန်မာနိုင်ငံမှနေ၍ နယ်စပ်ဖြတ်ကျော်ပြီး တင်ပို့နေမှုများ လည်းရှိနေသည်။

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားနေခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကာလအတွင်း ကလေးသူငယ်များအား ပုံမှန်တပ်ဖွဲ့ဖြစ်သည့်

(တပ်မတော်)နှင့် တိုင်းရင်းသားလက်နက်ကိုင်များ နှစ်ဖက်လုံးက တပ်သားအဖြစ်အတင်းအဓမ္မစုဆောင်းခြင်းများ ရှိခဲ့ကြောင်းသိရသည်။ နှစ်ဘက်အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များနှင့်နောက်ဆက်တွဲငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ ကတိကဝတ်ပြုစာချုပ်များစွာကို ၂၀၁၅ ဖေဖော်ဝါရီတွင် လက်မှတ်ရေးထိုးခဲ့ကြသော်လည်း အထိအခိုက်မခံသောအနေအထားတွင်သာရှိနေဆဲဖြစ်ပြီး အစိုးရစစ်တပ်များနှင့် အချို့သောတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြားတွင် လက်နက်ဖက်ပြိုင် ပဋိပက္ခများကျန်နေဆဲဖြစ်သည်။ ထို့ကြောင့် ယင်းသို့လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးများကို အဓမ္မအလုပ်သမားများအဖြစ် ပါဝင်ပတ်သက်စေခြင်းမှာ လက်ရှိအမှန်တရားပင်ဖြစ်သည်။

ထို့ကြောင့်လက်ရှိဖြစ်ပွားနေသည့်ကိစ္စရပ်များကို ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ရန်အတွက် ကလေးသူငယ်အလုပ်သမားဆန့်ကျင်ရေးနှင့် အသက်ငယ်ရွယ်သူအလုပ်သမားများကိုအကာအကွယ်ပေးရေးဆိုင်ရာ ခိုင်မာကောင်းမွန်သည့် တရားဥပဒေမူဘောင်တစ်ရပ်ထွက်ပေါ်လာရန်မှာ အရေးပါလှပါသည်။ မြန်မာနိုင်ငံကလေးအလုပ်သမားများပပျောက်ရေးအစီအစဉ် (My-PEC) က ကလေးသူငယ်အလုပ်သမားဆိုင်ရာ နိုင်ငံတော်တည်ဆဲဥပဒေများအပေါ် အသေးစိတ်အကဲဖြတ်မှု ပြုလုပ်ရာတွင် အဓိကကိစ္စရပ်များ ၊ကွာဟချက်နှင့် သက်ဆိုင်ရာ နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ အကြံပြုချက်များပေးနိုင်ရန်ရည်ရွယ်သည်။ နိဂုံးချုပ်အစီရင်ခံစာသည်နိုင်ငံတကာအဆင့်နှင့် နိုင်ငံတော်အဆင့် ဥပဒေဆိုင်ရာ ကန့်သတ်ချက်မူဘောင်များနှင့်သက်ဆိုင်ရာပုံနှိပ်ထုတ်ဝေမှုများကို အလုံးစုံပါဝင်သော စုစည်းသုံးသပ်ခြင်းများ၊ အစိုးရအဖွဲ့ဝင်များ၊ အလုပ်သမားဆိုင်ရာအဖွဲ့အစည်းများ၊ အလုပ်သမားဆိုင်ရာဥပဒေပညာရှင်များ၊ UN အဖွဲ့အစည်းများနှင့်ဗဟိုစရင်းအင်းရုံးများ(CSOs)အပါအဝင် အဓိကကျသည့်ပါဝင်သက်ဆိုင်သူများနှင့် လူတွေ့မေးမြန်းခြင်းများ၊ နိုင်ငံတော် အဆင့်တရားဝင်အတည်ပြုနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများ စသည်တို့အပေါ်တွင်အခြေခံ ဆောင်ရွက်ခဲ့ပါသည်။

## လက်မှတ်ရေးထိုးအတည်ပြုထားသည့်အခြေအနေ

မြန်မာနိုင်ငံသည် ILO ၏ အမှတ် (၁၈၂) အဆိုးရွားဆုံးပုံစံဖြစ်သည့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ သဘောတူညီချက်ကို (၂၀၁၃) ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီးထိုအဆိုးရွားဆုံးပုံစံကလေးသူငယ်အလုပ်သမားများ ပပျောက်ရေးနှင့် တားဆီးကာကွယ်ရေးအတွက် ချက်ချင်းတာဝန်ယူဆောင်ရွက်ရန် နိုင်ငံရေးဆိုင်ရာ ကတိကဝတ်ပြုလိုက်ခြင်းဖြစ်သည်။ ထို့အပြင် အဓမ္မလုပ်သားခိုင်းစေမှုဆိုင်ရာ ILO ၏ သဘောတူညီချက် အမှတ် (၂၉) ကိုလည်းလက်မှတ် ရေးထိုးအတည်ပြုခဲ့ပြီး (၂၀၁၅) ခုနှစ်တွင် အဓမ္မလုပ်အားပပျောက်ရန် ရည်ရွယ်၍နှစ်ဦးနှစ်ဘက် ဆိုင်ရာနားလည်မှုစာချွန်လွှာ (MOU) ကို (၂၀၁၂) တွင် ILO နှင့် သဘောတူလက်မှတ်ရေးထိုး ခဲ့ပါသည်။

မြန်မာနိုင်ငံသည် (အလုပ်လုပ်နိုင်သည့်) အငယ်ဆုံးအသက်ဆိုင်ရာ ပြဌာန်းချက်အမှတ် (၁၃၈) ကိုမူ လက်မှတ်ရေးထိုးမှု မပြုရသေးပါ။ သို့သော်လည်း အစိုးရအနေဖြင့် လက်မှတ်ရေးထိုးရန် ကတိပြုပြီးဖြစ်ပါသည်။ လက်ရှိဆောင်ရွက်နေသည့် အလုပ်သမားဥပဒေ ပြင်ဆင်ရေးဆွဲမှုလုပ်ငန်းစဉ်တွင် တည်ဆဲဥပဒေများနှင့် ဥပဒေကြမ်းများကို ပြဌာန်းချက် (၁၃၈) နှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် အနာဂတ်တွင်လေးစားလိုက်နာမှုရှိစေရန် အတွက်ဆန်းစစ်သုံးသပ်သွားရန်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (CRC) ကို ၁၉၉၁ခုနှစ်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ ထို့ကြောင့်အစိုးရအနေဖြင့် ကလေးသူငယ်များအပေါ် စီးပွားရေးအရ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ မည်သည့်ဘေးအန္တရာယ်ရှိသော အလုပ်များမဆို (သို့မဟုတ်) CRC ပြဌာန်းချက်အပိုဒ်ခွဲ (၃၂)ပါ ကလေးသူငယ်များ၏ ပညာရေးကို နှောက်ယှက်မှုဖြစ်စေမည့် အလုပ်များမှအကာအကွယ်ပေးရန်လိုပေသည်။ ထို့အပြင် CRC အရ အစိုးရသည် ကလေးသူငယ်များကို ပြည့်တန်ဆာလုပ်ငန်းနှင့် လိင်ဖျော်ဖြေနိုးဆွရေးလုပ်ငန်းများ (စာအုပ်၊ ရုပ်ရှင်စသည်) များ (အပိုဒ်ခွဲ ၃၄) အပါအဝင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် အလွဲသုံးမတရားပြုမှုများ၊ ကလေးသူငယ်များကိုလက်နက်ကိုင်ပဋိပက္ခများ (အပိုဒ်ခွဲ ၃၈)အတွက် အဓမ္မ (သို့မဟုတ်) မဝင်မနေရ စုဆောင်းမှုများ စသည်တို့မှ အကာအကွယ်ပေးရန်လိုသည်။

မြန်မာနိုင်ငံသည် ကလေးသူငယ်များရောင်းချခြင်း၊ ကလေးသူငယ်ပြည့်တန်ဆာလုပ်ငန်းနှင့် ကလေးသူငယ်လိင်ဖျော်ဖြေရေးလုပ်ငန်းများဆိုင်ရာ ကလေးသူငယ်အခွင့်အရေးများ၊ ပြဌာန်းချက် စိတ်ကြိုက် အကြိုညှိနှိုင်းမှုစာချုပ်ကိုလည်း (၂၀၁၂) ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ်များပါဝင်စေခြင်းနှင့် ပတ်သက်သော ဒုတိယမြောက်စိတ်ကြိုက် အကြိုညှိနှိုင်းမှု စာချုပ်ကိုလည်း လက်မှတ်ထိုးရန် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။

## မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ ယန္တရားစနစ်များ

မြန်မာနိုင်ငံသည် ကလေးသူငယ်များဆိုင်ရာ နိုင်ငံတော်အဆင့်မူဝါဒများနှင့် လုပ်ငန်းစဉ်များဖြစ်သည့် မြန်မာနိုင်ငံ ကလေးသူငယ်များအတွက် လုပ်ငန်းစီမံချက် (၂၀၀၆-၂၀၁၅) (Plan of action for children)၊ ကလေးသူငယ်များအတွက် သင့်လျော်ကိုက်ညီသော ကမ္ဘာမြေ (World fit for children)၊ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (Millennium Development Goals)၊ နိုင်ငံတော်လုပ်ငန်း စီမံချက်အားလုံးအတွက် ပညာရေးလုပ်ငန်းစီမံချက် (၂၀၀၃ - ၂၀၁၅) (Education for all national action plan)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (၂၀၁၁ - ၂၀၁၅) (Rural development plan)၊နှင့် မြန်မာနိုင်ငံဒုတိယငါးနှစ်အတွင်း လူကုန်ကူးမှုဆိုင်ရာတိုက်ဖျက်ရေး နိုင်ငံတော်အဆင့်လုပ်ငန်းစီမံချက် (၂၀၁၂ - ၂၀၁၆) အစရှိသည်တို့ကို ချမှတ်အကောင်အထည်ဖော်ခဲ့ ပြီးဖြစ်သည်။

ကလေးသူငယ်ဥပဒေဆိုင်ရာ ဆက်စပ်ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ UNICEF မှ ထောက်ပံ့ကူညီမှုများ၊ ILO မှသွင်းအားစုများဖြင့် ၁၉၉၃ ကလေးသူငယ်ဥပဒေကို ပြန်လှန်သုံးသပ်နိုင်ရန် အဖွဲ့ဝင်(၁၀)ယောက်ပါရှိသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီတစ်ရပ်ကို (၁၉၉၉) ခုနှစ်တွင်ဖွဲ့စည်းပြီးဖြစ်ပါသည်။

ကလေးအလုပ်သမားနှင့်ပတ်သက်၍ ပြည့်စုံလုံလောက်ပြီး ပူးပေါင်းတုံ့ပြန်ဆောင်ရွက်မှုများ ဖော်ဆောင်နိုင်ရန်အတွက် ILO ၏ထောက်ပံ့ကူညီမှုဖြင့် နိုင်ငံတော်အဆင့် ကလေးသူငယ်အလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ (TWG – CL) ကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

## နိုင်ငံတော်အဆင့် တည်ဆဲအလုပ်သမားဥပဒေနှင့် ဥပဒေ ပြင်ဆင်ပြောင်းလဲရေး လုပ်ငန်းစဉ်

လက်ရှိအနေအထားတွင် တရားဥပဒေရေးရာစနစ်သည် အင်ဒို-ဗြိတိသျှကိုလိုနီခေတ်၏ ဥပဒေစနစ်ဖြစ်သော ဟောင်းနွမ်းခေတ်မမီတော့သည့် ဥပဒေရေးရာများဖြင့်ဖွဲ့စည်းထားပြီး အလုပ်သမားရေးရာဥပဒေ ပြဋ္ဌာန်းထားသည်များကလည်း ကဏ္ဍအလိုက် (စက်ရုံများ၊ ဈေးဆိုင်များ၊ သတ္တုတွင်းများ၊ ရေနံတွင်းများ အစရှိသည်) သော်လည်းကောင်း၊ ဦးတည်အကြောင်း အရာအလိုက် (အခကြေးငွေ၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များ အစရှိသည်)သော်လည်းကောင်း အပိုင်းပိုင်းကွဲပြားလျက်ရှိသည်။ အခြေခံအလုပ်ခန့်အပ်မှုဆိုင်ရာ အလုပ်ရှင်၊အလုပ်သမားဆက်ဆံရေးကို စည်းမျဉ်းသတ်မှတ်ပေးသည်။ ပဓာနကျသည့်ဥပဒေများ မြန်မာနိုင်ငံ၌မရှိသေးပါ။ ထို့ကြောင့် ကလေးသူငယ်များအပါအဝင် အချို့သောအလုပ်သမား အတန်းအစားများတွင် တရားဥပဒေနှင့်အညီ တပြေးတည်းဆောင်ရွက်နိုင်မှုမရှိခြင်း၊ တရားဥပဒေအရ လက်တွေ့မကျခြင်း (သို့မဟုတ်) ဟာကွက်များဖြစ်ပေါ်ခြင်းများနှင့် တရားဥပဒေအရ စောင့်ရှောက်ကာကွယ်ပေးနိုင်မှုမရှိခြင်း စသည်တို့ကို ဖြစ်ပေါ်စေသည် (ဥပမာအားဖြင့် အိမ်ဖော်အလုပ်သမားများကို ထည့်သွင်းဖော်ပြထားမှု မရှိခြင်းကြောင့် အခကြေးငွေဥပဒေနှင့် ခွင့်နှင့်အလုပ်ပိတ်ရက်များအက်ဥပဒေအရ အကျုံးဝင်နိုင်ခြင်းမရှိပေ)။ ထိုကဲ့သို့ ဥပဒေများ အမျိုးမျိုးအထွေထွေကွဲပြားနေမှုကြောင့် အခွင့်အရေးခံစားခွင့်ရှိသူများနှင့် ထိုအခြေခံအခွင့်အရေးများကို ဖြည့်ဆည်းပေးရန် တာဝန်ရှိသူများ၊ အလုပ်သမားများနှင့် အလုပ်ရှင်တို့အကြား ကောင်းစွာကွဲပြားပြတ်သားမှု၊ နားလည်သိရှိနိုင်မှုတို့အတွက် စိန်ခေါ်မှုအခက်အခဲများဖြစ်ပေါ်စေသည်။

ထို့အပြင် ရေးဆွဲရန်နှစ်ပေါင်းများစွာ အချိန်ယူရန်လိုအပ်ကောင်းလိုအပ်မည်ဖြစ်သော အလုပ်သမားဥပဒေပေါင်းချုပ် (Labour Code)များဆိုင်းငံ့ထားပြီး ILO အနေဖြင့် လက်ရှိတွင် အလုပ်ရုံများအက်ဥပဒေ၊ ဆိုင်နှင့်အလုပ်ဌာနများအက်ဥပဒေ (သို့မဟုတ်) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး ဥပဒေကြမ်းများအပါအဝင် တိကျစွာသတ်မှတ်ထားရှိပြီးဖြစ်သည့် ဥပဒေများကိုပြန်လှန်သုံးသပ်ခြင်း (သို့မဟုတ်) ပိုမိုတိုးတက်ကောင်းမွန်အောင်ပံ့ပိုးပေးခြင်း စသဖြင့် အစိုးရအား ထောက်ပံ့ကူညီလျက်ရှိပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး (UAG) သည်လည်း ထိုအလုပ်သမားဥပဒေကြမ်းများကို နိုင်ငံတကာအလုပ်သမားများဆိုင်ရာ သတ်မှတ်ချက်စံနှုန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိသေချာစေရန် လွှတ်တော်သို့ မတင်ပြမီ ပြန်လည်စိစစ်ရန်နှင့် ဝေဖန်အကြံပြုရန် တာဝန်ရှိပါသည်။ သို့သော်လည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် အရင်းအမြစ်ဆိုင်ရာ ကန့်သတ်ချက်များရှိနေပြီး ILO မှ နည်းပညာပိုင်းဆိုင်ရာ အကျိုးပြုကူညီမှုကို လက်ခံရမည့်အနေအထားဖြစ်ပါသည်။

## ဥပဒေဆိုင်ရာကန့်သတ်ချက်မှုဘောင်

ဤတရားဥပဒေဆိုင်ရာပြန်လှန်သုံးသပ်ခြင်း၏ ရည်ရွယ်ချက်အရ အောက်ဖော်ပြပါ အသုံးအနှုန်းများကို အောက်ပါအတိုင်း သိရှိနားလည်ပါသည်။

*ကလေးသူငယ်အလုပ်သမား* ကို " (က) တရားဝင်အလုပ်လုပ်နိုင်သော အသက်ထက်ငယ်ရွယ်သည့် ကလေးငယ်များ နှင့်၊ (ခ)တရားဝင်အလုပ်လုပ်နိုင်သောအသက်ထက် ကျော်လွန်သော်လည်း အသက် (၁၈) နှစ်အောက်ငယ်သည့်ကလေးများနှင့် နိုင်ငံတကာသဘောတူညီချက်များကို ချိုးဖောက်သည့် အခြေအနေများအတွင်း (သို့မဟုတ်) လုပ်ငန်းများတွင်၊ (အထူးသဖြင့် ကျေးကျွန်ကဲ့သို့ပြုမူခိုင်းစေခြင်း၊ အန္တရာယ်ရှိသောအလုပ်များ၊ အခြားကလေးသူငယ်အလုပ်သမားဆိုင်ရာ အဆိုးရွားဆုံးပုံစံများစသဖြင့်) မည်သည့်ပုံစံအောက်တွင်မဆို လုပ်ကိုင်နေရသည့် ကလေးများ" ကိုသတ်မှတ်သည်။

*ငယ်ရွယ်သည့် အလုပ်သမားများ* ဟူသည်မှာ တရားဝင်အလုပ်လုပ်နိုင်သောအသက်ထက် ကျော်လွန်သော်လည်း အသက် (၁၈) နှစ်အောက်ငယ်ပြီး နိုင်ငံတကာသဘောတူညီချက်များနှင့် ညီညွတ်သော အခြေအနေများတွင် အလုပ်လုပ်နေကြသည့်ကလေးများကို ရည်ညွှန်းသည်။

မြန်မာနိုင်ငံတွင် ဥပဒေမူဘောင်အတွင်း၌ ကလေးသူငယ်အလုပ်သမားနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် တားမြစ်ချက်များမပါဝင်ပါ။ ကလေးသူငယ်အလုပ်သမားများဆန့်ကျင်ရေးအတွက်ကလေးသူငယ်များဆိုင်ရာဥပဒေဖြင့် ကာကွယ်စောင့်ရှောက်မှုများသည် ပြည့်စုံလုံလောက်မှုမရှိဘဲဆိုးဝါးသည့် ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ ဥပဒေစိုးမိုးလိုက်နာမှုမရှိခြင်း စသည်တို့အောက်တွင် အမျိုးမျိုး၊ အထွေထွေသော တရားဥပဒေသတ်မှတ်ချက်များဖြင့် ကွဲပြားလျက်ရှိပြီး အာဏာတည်စေရန်လည်း ခက်ခဲလျက်ရှိပါသည်။

## လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းပိုင်ခွင့်နှင့် စုပေါင်းဆွေးနွေး အရေးဆိုခြင်း

ကလေးသူငယ်များနှင့်ပတ်သက်၍ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းပိုင်ခွင့်ကို CRC ၏ အပိုဒ်ခွဲ ၁၅ (၁) အောက်တွင် ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် ILO ၏ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းပိုင်ခွင့် နှင့် လွတ်လပ်စွာစည်းရုံးလှုံ့ဆော်မှုကို ကာကွယ်သော သဘောတူညီချက်

အမှတ် (၈၇) နှင့် လွတ်လပ်စွာစည်းရုံးလှုံ့ဆော်မှုနှင့် စုပေါင်းဆွေးနွေး အရေးဆိုခြင်းဆိုင်ရာ သဘောတူညီချက် အမှတ် (၉၈) တို့ကလည်း ကလေးသူငယ်များနှင့် ငယ်ရွယ်သောအလုပ်သမားများ အပါအဝင်အလုပ်သမားများ၏ အခြေခံအခွင့်အရေးများကို ခုခံကာကွယ်ပေးလျက်ရှိပြီး လုပ်ငန်းခွင်အတွင်းရှိ ၎င်းတို့၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကိုလည်း မြှင့်တင်ပေးလျက်ရှိပါသည်။

ကလေးသူငယ်ဥပဒေအရ ကလေးငယ်များ၏ အခွင့်အရေးဖြစ်သော "ဥပဒေအရ ခွင့်ပြုထားသော ကလေးသူငယ်များနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဘာသာရေး အဖွဲ့အစည်းများတွင် ပါဝင်နိုင်ရန်" (အခန်း ၁၅ - ဂ ) ဟူသောအချက်ကို ပြဋ္ဌာန်းထားပါသည်။ အကြံပြုတိုက်တွန်းတင်ပြခဲ့သည်မှာ ထိုပြဋ္ဌာန်းချက်ကို အသက်အငယ်ဆုံး စတင်အလုပ်လုပ်နိုင်သည့် အရွယ်မှစ၍ ကလေးသူငယ်များ၏ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းပိုင်ခွင့်နှင့် စုပေါင်းဆွေးနွေးအရေးဆိုခွင့် ဆိုင်ရာအခြေခံပြဋ္ဌာန်းချက်များတွင် တရားဝင်ထည့်သွင်း အကျုံးဝင်စေရန်ဖြစ်သည်။ ထိုနည်းတူစွာ အလုပ်သမားရေးရာအဖွဲ့အစည်းဥပဒေသည်လည်း အလုပ်သမားရေးရာအဖွဲ့အစည်း အသင်းဝင်တစ်ယောက်အဖြစ် ပါဝင်ခွင့်ပြုသည်ထက် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းပိုင်ခွင့်နှင့် စုပေါင်းဆွေးနွေးအရေးဆိုခွင့်များကိုပါ အကျုံးဝင်လွှမ်းခြုံမိစေသင့်ပါသည်။

## သာတူညီမျှရှိရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေး

ခွဲခြားဆက်ဆံမှုမရှိရေးအတွက် အခြေခံမူများသည်လည်း CRC ၏ အပိုဒ်ခွဲ (၂)တွင် ဖွဲ့စည်းပါဝင်ပြီး ကလေးသူငယ်များ (သို့မဟုတ်) ၎င်းတို့၏မိဘများနှင့် တရားဝင်အုပ်ထိန်းသူများ၏ အသားအရောင်၊ လိင်ကွဲပြားမှု၊ ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေး (သို့) အခြားအယူအဆများ၊ နိုင်ငံသား၊ တိုင်းရင်းသား (သို့) လူမှုရေးဆိုင်ရာဇစ်မြစ်များ၊ ပိုင်ဆိုင်မှု၊ မသန်စွမ်းမှု၊ မွေးဖွားခြင်းနှင့် အခြားအနေအထားများပါ အကျုံးဝင်သည်။ CRC ကော်မတီသည် တိုင်းရင်းသားနှင့် ဘာသာရေး ဆိုင်ရာ ကွဲပြားသည့် လူနည်းစုမှကလေးငယ်များကို ဆန့်ကျင်ခြင်း ၊ အလွန်ဝေးလံသီခေါင်သော နေရာများနှင့် နယ်စပ်ဒေသများမှကလေးငယ်များ၊ အိမ်ယာစွန့်ခွာထွက်ပြေးရသည့်ကလေးငယ်များ၊ လမ်းပေါ်မှကလေးများ၊ HIV/AIDS ကူးစက်ခံရသည့် ကလေးငယ်များ၊ မသန်စွမ်းကလေးငယ်များ၊ မိဘမဲ့များနှင့် အလွန်ဆင်းရဲနွမ်းပါး သောကလေးငယ်များ အပါအဝင် ကလေးများအပေါ်တွင် ပုံစံမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများနှင့် ပတ်သက်၍ အလေးထားကြောင်း ဖော်ပြခဲ့ပါသည်။

ILO ၏ သာတူညီမျှအခကြေးငွေ သဘောတူညီချက်အမှတ် (၁၀၀) နှင့် ခွဲခြားဆက်ဆံမှုဆိုင်ရာ (အလုပ်အကိုင်ခန့်အပ်ခြင်း နှင့် လုပ်ငန်းဆိုင်ရာ) သဘောတူညီချက် အမှတ်(၁၁၁) တွင်လည်း အလုပ်အကိုင်ကဏ္ဍတစ်ခုလုံးတွင် သာတူညီမျှရှိရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေးကို အလေးထားကြောင်း ပြဋ္ဌာန်းထားပါသည်။

မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံမှုမရှိစေရေးအခြေခံမူကို ကလေးသူငယ်ဥပဒေ အခန်း (၁၄) အောက်တွင်ပြဋ္ဌာန်းထားပြီး လူမျိုး၊ ဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ မွေးဖွားခြင်းနှင့် လိင်ကွဲပြားမှု တို့အပေါ်တွင် ကန့်သတ်ထားရှိပါသည်။ ထို့ကြောင့် အထက်တွင်ဖော်ပြခဲ့သည့် CRC မှ အပိုဒ် (၂)ပါ အချက်များနှင့်ပါ ပါဝင်ကိုက်ညီမှုရှိစေရန် ထည့်သွင်းဆောင်ရွက်သင့်ကြောင်း တိုက်တွန်းခဲ့ပါသည်။ ထို့အတူတိုက်ရိုက်ခွဲခြားဆက်ဆံခြင်းနှင့် သွယ်ဝိုက်ခွဲခြားဆက်ဆံခြင်းဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်များ၊ ခွဲခြားဆက်ဆံသည်ဟုခေါ်ဆိုနိုင်သည့် အသက်အရွယ်မတူညီမှု နှင့် အခြားသော ကိစ္စရပ်များကြောင့် အခကြေးငွေနည်းပါးစွာပေးခြင်းနှင့် တူညီသောအလုပ်အတွက် တန်ဖိုးညီမျှစွာပေးချေရန် စသည့်အချက်များနှင့် ပတ်သက်၍ အလုပ်သမားဥပဒေကို တိကျခိုင်မာစွာ ပြဋ္ဌာန်းသတ်မှတ်ရန်လည်း တိုက်တွန်းခဲ့ပါသည်။ ဥပဒေပြုရာတွင် နောက်ဆုံးအနေဖြင့် လိင်ပိုင်း ဆိုင်ရာထိပါးနောက်ယှက်မှုနှင့်ပတ်သက်၍ သတ်မှတ်တားဆီးမှုများ ပြုလုပ်သင့်ပါသည်။

## ပြဋ္ဌာန်းချက်အမှတ် (၁၃၈) အောက်ရှိဖြစ်ပေါ်လာနိုင်သည့် ချန်လှပ်ထား ရှိမှုများ

ပြဋ္ဌာန်းချက်အမှတ် (၁၃၈) သည် အလုပ်အကိုင်ခန့်အပ်ခြင်း (သို့မဟုတ်) ထိုဥပဒေကို အသုံးပြုရာ၌ အလုပ်အကိုင်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် အထူး (သို့) အခြားပြဿနာ အများအပြား (အပိုဒ်ခွဲ ၄.၁)ကြောင့် (သို့မဟုတ်) အဖွဲ့ဝင်နိုင်ငံများ၏ လုံလောက်စွာဖွံ့ဖြိုး တိုးတက်မှုမရှိသည့် စီးပွားရေးအခြေအနေ နှင့် အုပ်ချုပ်ရေးဆိုင်ရာအထောက်အပံ့များကြောင့် အချို့ကန့်သတ်ထားသည့် အမျိုးအစားများကို ချန်လှပ်ထားခဲ့ရခြင်းများ၊ ပြုလုပ်ခွင့်ရှိပြီး အချို့သော စီပွားရေးဆိုင်ရာကဏ္ဍများ(အပိုဒ်ခွဲ ၅.၁)တွင်သဘောတူညီချက်ကို ကနဦး၌ အကန့်အသတ်၊ အတိုင်းအတာဖြင့်သာ အသုံးပြုရန်ခွင့်ပြုသည်။ လက်မှတ်ရေးထိုးအတည်မပြုမီ အပိုဒ်ခွဲ (၅) အောက်ရှိကန့်သတ်ချက်များနှင့် ပတ်သက်၍သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သုံးသပ်သင့်သည်။ ILO ၏ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ (၂၂) အောက်တွင် ပါဝင်သောအချက်များနှင့်အညီ တင်ပြသည့် အသုံးချဆောင်ရွက်ခြင်းဆိုင်ရာ ပထမဆုံးအစီရင်ခံစာတွင် အပိုဒ်ခွဲ (၄) အောက်မှ ချန်လှပ်ထားသည့်အချက်များကို စာရင်းပြုစု ထည့်သွင်းတင်ပြနိုင်သည်။

မြန်မာနိုင်ငံတွင် လက်ရှိအလုပ်သမားဥပဒေများသည် ယင်းတို့အားအသုံးချခြင်းနယ်ပယ်မှ အမျိုးမျိုးသောထုတ်ပယ်ချန်လှပ်ထားမှုများကို ခွင့်ပြုလျက်ရှိနေပြီး၊ ထိနည်းအားဖြင့် ပြည့်စုံသည့် ဥပဒေ၏ အကာအကွယ်ပေးမှုကို အဟန့်အတားဖြစ်စေပါသည်။ ဥပမာ၊ အလုပ်ရုံများအက်ဥပဒေ (၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ထားသော)က အား အကူအညီဖြင့် ဆောင်ရွက်နေရသည့် ကုန်ထုတ် လုပ်ငန်းဖြစ်ပါက အလုပ်သမားအရေအတွက် ၂၀အောက်ရှိလျက်၊ အား အကူအညီအသုံးမပြုဘဲ ဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လုပ်ငန်းဖြစ်ပါက အလုပ်သမားအရေအတွက် ၁၀ဦးအောက်ရှိ စက်ရုံအလုပ်ရုံများကို အက်ဥပဒေအား အသုံးချခြင်း ပုဒ်မ - ၂(၃)မှ ကင်းလွတ်ခွင့်ပြုနိုင်ပါသည်။

သို့မဟုတ်တစ်စုံတစ်ဦးထံတွင် အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်များဖြစ်ပါက၊ လမ်းများပေါ်တွင် အလုပ်လုပ်ကိုင်ကြရသည့် ကလေးသူငယ်များအနေဖြင့် မည်သည့်ဥပဒေ၏ အကာအကွယ်ပေးခြင်းကိုမျှ မရရှိကြပါ။ အကြောင်းမှာ ယင်းဥပဒေများသည် "စက်ရုံအလုပ်ရုံများ"၊ "ဆိုင်များနှင့်အလုပ်ဌာနများ" အတွက်သာကျင့်သုံးခြင်းကြောင့် ဖြစ်ပါသည်။ ကလေးသူငယ်များအလုပ်လုပ်ကိုင်ခြင်းနှင့် ပတ်သက်၍ ယေဘုယျတားမြစ်ချက်တစ်ခုပြဋ္ဌာန်းရန်နှင့် အလုပ်အကိုင်ခန့်အပ်ရန်အတွက် တပြေးတည်းတူညီသော အငယ်ဆုံးအသက်အရွယ် သတ်မှတ်ရန်အတွက် ဖြေရှင်းချက်တစ်ခု မိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပေသည်။

## ကလေးသူငယ်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်

နိုင်ငံတကာတရားဥပဒေသတ်မှတ်ချက်အရ ကလေးသူငယ်ဆိုသည်မှာ အသက် (၁၈) နှစ်အောက်ရှိ ယောကျ်ားလေး (သို့) မိန်းကလေးများကို ဆိုလိုသည်။ (CRC အပိုဒ်ခွဲ ၁၊ အပိုဒ်ခွဲ ၂၊ ILO ပြဋ္ဌာန်းချက်အမှတ်( ၁၈၂)။

မြန်မာနိုင်ငံတွင် ကလေးသူငယ်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တပြေးညီသတ်မှတ်ထားခြင်းမရှိဘဲ ဥပဒေတစ်ခုချင်းအလိုက် ကွဲပြားလျက်ရှိသည်။ ကလေးသူငယ်ဥပဒေ (အခန်း ၂) နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (အခန်း ၃) တို့၏အောက်တွင် ကလေးသူငယ်ဟူသော သတ်မှတ်ချက်မှာအသက် (၁၆) နှစ်အောက်ဖြစ်ပြီး ငယ်ရွယ်သူဟူသည်မှာ အသက် (၁၆ မှ ၁၈ နှစ်အတွင်း) ဟူ၍ဖြစ်သည်။ သို့သော် ပြင်ဆင်ထားသည့် အလုပ်ရုံများအက်ဥပဒေတွင် "ကလေးဟူသည် မှတ်ပုံတင်ဆရာဝန်တစ်ဦးက အလုပ်လုပ်ကိုင်ရန် သင့်လျော်ကြောင်း ထောက်ခံချက်ပေးသည့် အသက်တစ်ဆယ့်လေးနှစ်ပြည့်ပြီး အသက်တစ်ဆယ့်ခြောက်နှစ် မပြည့်သေးသူကို ဆိုလိုသည် ပုဒ်မ-၂(က) ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ဤအရာက ကာကွယ်စောင့်ရှောက်မှု အကျုံးဝင်ခြင်းတွင် ကွာဟလျက်ဆန့်ကျင်ဘက် ဖြစ်နေပါသည်။

ထို့ကြောင့် ကလေးသူငယ်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဥပဒေအားလုံးတွင် အသက် (၁၈) နှစ်အောက်ဟု တပြေးညီစံပြုသတ်မှတ်ရန် အကြံပြုတိုက်တွန်းခဲ့ပြီး အချို့သောသက်ဆိုင်ရာ အထူးတလည်ဆုံးဖြတ်ရမည့်ကိစ္စရပ်များတွင်လည်း ဖြစ်ပေါ်လာနိုင်သည့် ချွင်းချက်များအနေဖြင့် ခွင့်ပြုနိုင်ရန် အကြံပြုထောက်ခံတင်ပြခဲ့ပါသည်။

## အလုပ်လုပ်ခွင့်ပြုရန်အငယ်ဆုံးအသက်

> ပြဋ္ဌာန်းချက် အမှတ် (၁၃၈)မှ အပိုဒ်ခွဲ (၁)
>
> *ဤသဘောတူညီချက်ကို အမျိုးသားအဆင့်မူဝါဒတစ်ခုအဖြစ် စွဲကိုင်အသုံးပြုမည့် အဖွဲ့ဝင်တိုင်းသည် ကလေးသူငယ် အလုပ်သမားများကိုထိရောက်စွာတိုက်ဖျက်နိုင်ရန်နှင့် အငယ်ဆုံးအလုပ်လုပ်ခွင့်ရှိသည့် အသက်သတ်မှတ်ချက် ကိုလည်း အဆင့်ဆင့်သတ်မှတ်ခြင်း (သို့မဟုတ်) ငယ်ရွယ်သူများ၏ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများအပြည့်အဝ ဖွံ့ဖြိုး တိုးတက်မှုနှင့်အညီ ကိုက်ညီမှုရှိသော အလုပ်များကို သေချာစွာရရှိနိုင်ရန်အတွက် ရေးဆွဲချမှတ်ရမည်။*

အငယ်ဆုံးအသက်သတ်မှတ်ချက်သည် မသင်မနေရ ပညာရေး( အပိုဒ်ခွဲ ၂.၃ နှင့် ၂.၄၊ ပြဋ္ဌာန်းချက် အမှတ် ၁၃၈ ) ပြီးမြောက်သည့်အရွယ်ခန့် ဖြစ်သင့်ပြီး စီးပွားရေးနှင့် ပညာရေးဆိုင်ရာ အထောက်အပံ့၊ အခြေအနေများ မပြည့်စုံသေးသည့် အဖွဲ့နိုင်ငံများအတွက်မူ အသက် (၁၅)နှစ်၊ (၁၄) နှစ်ထက် မငယ်စေရပါ။

မြန်မာနိုင်ငံတွင် လက်ရှိမသင်မနေရပညာရေးသည် အသက် (၁၀)နှစ် အရွယ်အထိ ဖြစ်သည်။ သို့သော်လည်း အစိုးရအနေဖြင့် ၂၀၁၄ ခုနှစ်တွင် လက်ခံလိုက်နာခဲ့သော နိုင်ငံတော်ပညာရေးဥပဒေရေးဆွဲမှုအပါအဝင် အရေးကြီးသောပညာရေးဆိုင်ရာဥပဒေ ပြင်ဆင်ပြောင်းလဲမှုကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ အခြေခံပညာရေးဥပဒေ ပြန်လှန်သုံးသပ်ခြင်းကို လုပ်ဆောင်လျက်ရှိပြီး အလယ်တန်းအဆင့်အထိဆိုလိုသည်မှာ အခမဲ့မသင်မနေရ ပညာရေးစနစ်ကို အသက်(၁၄)နှစ် အထိတိုးချဲ့လုပ်ဆောင်ရန် ရည်ရွယ်သည်။

ဤလိုအပ်ချက်များနှင့် ဖွံ့ဖြိုးဆဲတိုင်းပြည်များအတွက်ရရှိခွင့်ပြုသော အငယ်ဆုံးအသက်သတ်မှတ်ချက်ဆိုင်ရာ အထူးခွင့်ပြုချက်များကို အသုံးချနိုင်မှုအနေအထားပေါ်တွင်အခြေခံ၍ အစိုးရအနေဖြင့် သက်ဆိုင်ရာသုံးပွင့်ဆိုင်၏သဘောဆန္ဒကို ရယူပြီးနောက် အငယ်ဆုံးအလုပ်လုပ်နိုင်သည့် အသက် ကို ၁၃ နှစ်မှ ၁၄ နှစ်သို့တိုးမြှင့်သတ်မှတ်ရန် အကြံပြုတိုက်တွန်းခဲ့ပါသည်။ ဤအချက်နှင့်ပတ်သက်ပြီး ပြင်ဆင်ထားသော အလုပ်ရုံများအက်ဥပဒေနှင့် ဆိုင်များနှင့် အလုပ်ဌာနများအက်ဥပဒေတို့တွင် အလုပ်လုပ်ကိုင်ရန် အနည်းဆုံးရှိရမည့် အသက်ကို ၁၃နှစ်မှ ၁၄နှစ် ဟူ၍ အမှန်တကယ်ဖော်ပြထားခြင်းသည် တိုးတက်ကောင်းမွန်မှုတစ်ရပ်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ပြန်လည်ပြင်ဆင်တည်းဖြတ်ဆဲ ဖြစ်သည့် ကလေးသူငယ်ဥပဒေတွင် အလုပ်လုပ်ကိုင်ရန် အနိမ့်ဆုံး အသက် ၁၄နှစ် ဟူ၍ သတ်မှတ်ပြဋ္ဌာန်းမည်ဟု မျှော်လင့်ရပါသည်။

## ပေါ့ပါးသည့်အလုပ်

ပေါ့ပါးသည့်အလုပ်ဟူသည်မှာ ကလေးများ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဘေးဖြစ်ဖွယ်မရှိသော ၊ကလေးများ၏ ကျောင်းတက်ခြင်းကို မထိခိုက်စေသော (သို့မဟုတ်) ညွှန်ကြားခိုင်းစေမှုများမှ ကလေးများစွမ်းဆောင်ရည်အတွက် အကျိုးဖြစ်ထွန်းစေသော အလုပ်များဖြစ်ပြီး (၁၃) နှစ်အရွယ်ခန့် ကလေးများကို ခိုင်းစေခွင့်ပြုနိုင်သည်။ (သို့မဟုတ် ဖွံ့ဖြိုးဆဲတိုင်းပြည်များ အတွက် အသက် ၁၂ နှစ်ဖြစ်နိုင်ပြီး ယေဘုယျအငယ်ဆုံးအသက်မှာ ၁၄ နှစ်ဖြစ်သည်) ( အပိုဒ်ခွဲ ၇၊ ပြဋ္ဌာန်းချက်အမှတ် ၁၃၈)။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပေါ့ပါးသည့်အလုပ်များကို အသက် ၁၂ နှစ် ဂန်းကျင်ရှိ ကလေးများအား ခိုင်းစေခွင့်ရရှိသည်။

ဂန်ကြီးဌာနအဆင့်သတ်မှတ်ချက်စည်းမျဥ်းများကို သီးသန့်စာရင်းပြုစုနိုင်ရန်နှင့် မြန်မာနိုင်ငံရှိပေါ့ပါးသောအလုပ် အနေအထားများ၊ လုပ်ကိုင်ဆောင်ရွက်မှုများကို ဆန်းစစ်လေ့လာရန်အတွက် အခြေအနေခွဲခြမ်းလေ့လာမှု၊ သုံးပွင့်ဆိုင် ဆွေးနွေးတိုင်ပင်မှုများ ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းတင်ပြခဲ့ပါသည်။

## အလုပ်သင်နှင့် သက်မွေးသင်တန်းဆိုင်ရာ ချွင်းချက်များ

ကလေးသူငယ်များအနေဖြင့် ရံဖန်ရံခါ၌ ၎င်းတို့အနာဂတ်တွင် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိနိုင်ရန်အတွက် ကျွမ်းကျင်မှုနှင့်အတွေ့အကြုံများရရှိနိုင်သော အလုပ်သင်၊ သက်မွေးသင်တန်းများတွင် တက်ရောက်ကြရသည်။ ပြဋ္ဌာန်းချက်အမှတ် ၁၃၈ အရ အဖွဲ့ဂင်နိုင်ငံများသည် အလုပ်သင်အတွက် အငယ်ဆုံးအသက် သတ်မှတ်ချက် (၁၄)နှစ်ထား ရှိရမည်ဖြစ်ပြီး သက်မွေးသင်တန်းများမှာမူ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အခြေအနေနှင့် စံနှုန်းကြိုတင်သတ်မှတ်မှုများ ချထားရမည်ဖြစ်သည်။ (အပိုဒ်ခွဲ ၆)

မြန်မာနိုင်ငံတွင် နည်းပညာနှင့် အသက်မွေးဂမ်းကျောင်းဆိုင်ရာသင်တန်းများအတွက် တစ်စိတ်တစ်ပိုင်းကိုသာ အကျုံးဂင်စေပြီးအငယ်ဆုံးအသက်နှင့် လုပ်ငန်းအခြေအနေများကို သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိသည့် ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးဥပဒေမှလွဲ၍ ကလေးသူငယ်များ၊ အသက်ငယ်ရွယ်သူများအတွက် ပြည့်စုံလုံလောက်သောအလုပ်သင်နှင့် အသက် မွေးဂမ်းကျောင်းသင်တန်းဆိုင်ရာ သတ်မှတ်ချက်ဥပဒေမရှိပါ။ ထို့ကြောင့် ထိုကိစ္စရပ်အပေါ်တွင် ဥပဒေပြုပြဋ္ဌာန်းရန် အကြံပြုတိုက်တွန်းတင်ပြခဲ့ပါသည်။ ဤကိစ္စနှင့်စပ်လျဥ်း၍လက်ရှိ အသုံးပြုနေသောစနစ်သည် ထိရောက်မှုမရှိသောကြောင့် အစိုးရအနေဖြင့် နည်းပညာနှင့် အသက်မွေးဂမ်းကျောင်းပညာရေးဆိုင်ရာဥပဒေ (TVEL) ကိုရေးဆွဲပြင်ဆင်လျက်ရှိပါသည်။

## အနုပညာ ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ ချွင်းချက်များ

အချို့သော သီးသန့်အခြေအနေများနှင့် အကန့်အသတ်ရှိသော နာရီအတိုင်းအတာအတွင်း ကလေးတစ်ဦးချင်းစီတို့သည် အနုပညာဆိုင်ရာ ဖျော်ဖြေတင်ဆက်မှုများတွင် ပါဝင်နိုင်ခွင့်ရှိသည်။

မြန်မာနိုင်ငံတွင် ဤချွင်းချက်ကဏ္ဍကို ဥပဒေပြုပြဋ္ဌာန်းခြင်းမရှိသေးဘဲ သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် သုံးပွင့်ဆိုင်ဆွေးနွေးတိုင်ပင်ပြီးနောက် ထိုကဲ့သို့သောချွင်းချက်အနေအထားများကို စဉ်းစားသုံးသပ်ပြီး ကလေးသူငယ်များအနေဖြင့် အနုပညာဖျော်ဖြေမှုများတွင် ပါဝင်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့် အနေအထားသတ်မှတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းပေးရန် အကြံပြုတိုက်တွန်းခဲ့ပါသည်။

## ကလေးသူငယ်အလုပ်သမား အဆိုးရွားဆုံးပုံစံများ (ပြဋ္ဌာန်းချက်အမှတ် ၁၈၂)

ဤပြဋ္ဌာန်းချက်၏ရည်ရွယ်ချက်များအရ ကလေးသူငယ်အလုပ်သမားများ၏ အဆိုးရွားဆုံးပုံစံများတွင် ပါဝင်သည်များမှာ -

- (က) ကလေးသူငယ်များကိုရောင်းချခြင်း၊ လူကုန်ကူးခြင်း အစရှိသည့်ကျေးကျွန်ကဲ့သို့ အသုံးပြုသည့်ပုံစံများ (သို့) အလားတူပုံစံများ၊ အကြွေးဖြင့်ကျွန်အဖြစ်သိမ်းယူခြင်းနှင့် မြေကျွန်အဖြစ်ရယူခြင်း၊ လက်နက်ကိုင်ပဋိပက္ခများအတွက် ကလေးများကိုအဓမ္မအလိုမတူ စုဆောင်းခြင်းအပါအဝင် အဓမ္မလုပ်သား (သို့) မလုပ်မနေရ ခိုင်းစေခံရသည့် အလုပ်သမားများ
- (ခ) ကလေးသူငယ်များကို ပြည့်တန်ဆာအဖြစ်အသုံးပြုခြင်း၊ အသုံးပြုရန်အလို့ငှာ ရှာဖွေပေးခြင်း၊ ကမ်းလှမ်းခြင်းနှင့် လိင်ပိုင်းဆိုင်ရာ လှုံ့ဆော်နိုးဆွမှုအတွက်ထုတ်လုပ်ရေး (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာ ဖျော်ဖြေမှုများအတွက် အသုံးပြုခြင်း၊ အသုံးပြုရန်ရှာဖွေပေးခြင်း၊ ကမ်းလှမ်းခြင်းများ။
- (ဂ) ကလေးသူငယ်များကို တရားမဝင်လုပ်ငန်းများတွင် အထူးသဖြင့် နိုင်ငံတကာသတ်မှတ်သဘော တူညီချက်များအရ လက်မခံသော မူးယစ်ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများတွင် အသုံးချခြင်း၊ အသုံးချရန် ရှာဖွေပေးခြင်းနှင့် ကမ်းလှမ်းခြင်းများ။
- (ဃ) ကလေးသူငယ်များ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး (သို့မဟုတ်) အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေနိုင်မည့် သဘောသဘာဝနှင့် ပတ်ဝန်းကျင်ရှိသောလုပ်ငန်းများ

မြန်မာနိုင်ငံတွင်တရားဥပဒေနှင့်ကိုက်ညီမှုမရှိဘဲ အဆိုးရွားဆုံး ကလေးသူငယ်အလုပ်သမားပုံစံဟုသတ်မှတ်နိုင်သော လုပ်ဆောင်မှုအချို့အတွက် ဥပဒေများရှိသော်လည်း ထိုဥပဒေများသည် ကလေးအလုပ်သမားဆိုင်ရာဥပဒေ အင်္ဂါရပ်ထက် ရာဇဝတ်မှုဆိုင်ရာများအနေဖြင့်သာရှိပြီး ချို့ယွင်းချက်များ၊ ကွာဟချက်များလည်းရှိသည်။

ယခုလက်ရှိ၌ ပြဋ္ဌာန်းချက် အမှတ်-၁၈၂ တွင်ဖော်ပြထားသကဲ့သို့ အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဟု သတ်မှတ်ဖော်ပြတားဆီးထားသောဥပဒေများ လုံးဝမရှိခဲ့ပါ။ ပြင်ဆင်ထားသော အလုပ်ရုံများအက်ဥပဒေတွင် "ကလေးသူငယ်များကို ကျန်းမာရေးထိခိုက်စေသောအခြေအနေ၊ ပညာရေးကို အတားအဆီးဖြစ်စေသော အခြေအနေကဲ့သို့သော ဘေးအန္တရာယ်ရှိသည့်အခြေအနေနှင့် ခေါင်းပုံဖြတ်ခံရမည့် လုပ်ငန်းခွင်ကဲ့သို့သော အဆိုးရွားဆုံးပုံစံခြင့် ခိုင်းစေခြင်းများမှ တားမြစ်တားသည့် ပြဋ္ဌာန်းချက်အသစ်တစ်ရပ်ကို အစပြုထည့်သွင်းသတ်မှတ်ပြဋ္ဌာန်းထားပါသည် ပုဒ်မ-၇၅(က)။ ဤအချက်သည် ဂမ်းသာစရာဖြစ်ပြီး ကောင်းမွန်သည့် အစပျိုးခြင်းပင်ဖြစ်ပါသည်။ အိုင်အယ်(လ်)အို ပြဋ္ဌာန်းချက်အမှတ် (၁၈၂) နှင့် ပိုမိုကိုက်ညီစေမည့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားအား ဦးစွာအဓိပ္ပါယ်သတ်မှတ်ခြင်းအားဖြင့် ဤဥပဒေသတ်မှတ်ပြဋ္ဌာန်းချက် ပိုမိုတိုးတက်ကောင်းမွန်စေရန် အကြံပြုတိုက်တွန်းပါသည်။ တားမြစ်ချက်ကို အသက် ၁၈နှစ်အောက် ကလေးသူငယ်အားလုံးအတွက် သေချာစွာကျင့်သုံးရန်လည်း အကြံပြုတိုက်တွန်းပါသည်။ ကလေးငယ်သည် အရွယ်ရောက်သူလူကြီးတစ်ဦးကဲ့သို့ အလုပ်လုပ်ကိုင်ရန် သင့်လျော်ကြောင်းထောက်ခံချက် လက်မှတ်ရရှိခြင်းကြောင့် အလုပ်ရုံများအက်ဥပဒေတွင် အသက် ၁၆နှစ်နှင့် ၁၈နှစ်ကြားအရွယ်ရှိ ကလေးသူငယ်တစ်ဦးကို အရွယ်ရောက်သူလူကြီးတစ်ဦးကဲ့သို့ အလုပ်လုပ်ခွင့်ပြုထားခြင်းတွင် အကြံပြုတိုက်တွန်းချက်သည် အရေးကြီးသည့်အရာတစ်ခုဖြစ်သည်။

နောက်ဆုံးအနေဖြင့်၊ အခြားသက်ဆိုင်ရာ ဥပဒေများကိုလည်း လျော်ညီစွာ ပြင်ဆင်တည်းဖြတ်ခြင်းကိုလည်း အကြံပြုတိုက်တွန်းပါသည်။

## အဓမ္မ (သို့မဟုတ်) မလုပ်မနေရခိုင်းစေခံရသောအလုပ်သမား

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၃၅၉) တွင် အဓမ္မလုပ်အားနှင့်ပတ်သက်၍တားဆီးထားပြီး (၂၀၁၂) ခုနှစ်၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေမှ အခန်း (၂၇-က) ၏အောက်တွင် ဖော်ပြထားသည့်အတိုင်းထောင်ဒဏ် (သို့မဟုတ်) ငွေဒဏ်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည့် ရာဇဝတ်မှုတစ်ခုအဖြစ် ဖော်ပြထားသည်။ သို့သော်လည်း ကလေးသူငယ်များနှင့် ပတ်သက်၍ အဓမ္မလုပ်အားဆိုင်ရာများအတွက် တားဆီးအရေးယူမှုများ လုံးဝမပါဝင်ပါ။ ထို့ကြောင့် ကလေးသူငယ်ဥပဒေတွင် သီးသန့်ထပ်မံဖြည့်သွင်းရန်အကြံပြုတိုက်တွန်းခဲ့ပါသည်။ ထို့အပြင် အလုပ်သမားဥပဒေတွင် အဓမ္မလုပ်အားကို အဓိပ္ပါယ်တိကျစွာဖွင့်ဆိုသတ်မှတ်ရန်လည်း အကြံပြုထောက်ခံတင်ပြခဲ့ပါသည်။

## အကြွေးဖြင့် နှောင်တည်းခိုင်းစေခြင်း (သို့မဟုတ်) မြေကျွန်စနစ်

မြန်မာနိုင်ငံတွင် မြေယာနှင့်သက်ဆိုင်သော အဓမ္မလုပ်အားကိစ္စရပ်များရှိသော်လည်း ကလေးသူငယ်များကို တိုက်ရိုက်ရယူခိုင်းစေခြင်းထက် ၎င်းတို့၏မိဘများနှင့် မိသားစုများ (သို့မဟုတ်) လူကုန်ကူးမှုကိုဆက်နွယ်ဖြစ်ပေါ်စေသည့် အနေအထားများကိုပို၍ဖြစ်ပေါ်စေသည်။ အကြွေးဖြင့်နှောင်တည်းခိုင်းစေခြင်း (သို့မဟုတ်) မြေကျွန်စနစ်တို့အား ဥပဒေပြုတားဆီး ကာကွယ်ရာတွင်အထူးတလည် သီးသန့်ထည့်သွင်းရမည့် ကိစ္စရပ်များဖြစ်ကြောင်း အကြံပြုတိုက်တွန်းတင်ပြခဲ့ပါသည်။

## ကလေးသူငယ်များကို ရောင်းချခြင်းနှင့် လူကုန်ကူးခြင်း

မြန်မာနိုင်ငံတွင် ပြစ်မှုဆိုင်ရာဥပဒေအရ ကလေးသူငယ်များရောင်းချမှု (ပုဒ်မ ၃၇၂) အရ တားမြစ်ထားသော်လည်း လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် တရားဥပဒေနှင့် မညီညွတ်သော၊ ကျင့်ဝတ်စာရိတ္တဖြင့်မလျော်ညီသော ကိစ္စရပ်များကိုသာ ရည်ရွယ်ကန့်သတ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် ကလေးသူငယ်များရောင်းချခြင်းအား ချွင်းချက်မရှိ တရားဥပဒေကို ဖောက်ဖျက် ကျူးလွန်မှုဟု သတ်မှတ်ရန် အကြံပြုတိုက်တွန်းတင်ပြခဲ့ပါသည်။

ကလေးသူငယ်လူကုန်ကူးခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနစ်တွင် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အက်ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး အထူးသဖြင့် အမျိုးသမီးများ၊ ကလေးငယ်များနှင့် ငယ်ရွယ်သူများ လူကုန်ကူးခံရခြင်းမှ ကာကွယ်ပေးရန်နှင့် ဆန့်ကျင်ထိန်းချုပ်ရန် ရည်ရွယ်လုပ်ဆောင် ခဲ့ခြင်းဖြစ်သည်။ (ပုဒ်မ ၄-ဂ)။ ကျူးလွန်ခံရသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များမှာ အထူးတလည်ကာကွယ်စောင့်ရှောက်ခြင်းခံကြရပြီး ပြစ်မှုကျူးလွန်သူ တရားခံများအနေဖြင့် ပိုမိုကြီးလေးသော အရေးယူမှုများကိုခံကြရသည်။

အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော်လည်းလိုအပ်ချက် အနည်းငယ်ရှိနေဆဲဖြစ်သည်။ ဥပဒေအတွင်းတွင် ကလေးသူငယ်အလုပ်သမားဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖော်ပြမထားဘဲ ကလေးသူငယ်လူကုန်ကူးမှု ပုံစံအားလုံးကို ပြစ်မှုကျူးလွန်မှုအနေဖြင့် ကာကွယ်တားဆီးရမည်ဖြစ်သည်။ (ဥပမာ- တရားမဝင်လုပ်ငန်းများ၊ အန္တရာယ်ရှိ သောအလုပ်များ အတွက်လူကုန်ကူးခြင်းများ) ယင်းပြဿနာများကို အလုပ်သမားဥပဒေပေါင်းချုပ်ပြင်ဆင်ရေးဆွဲရာ တွင်ထည့်သွင်းရမည်ဖြစ်ပြီး သို့မှသာတရားဥပဒေအနေဖြင့် ထိုကိစ္စရပ်များကို ကောင်းစွာကိုင်တွယ် နိုင်မည်ဖြစ်ပေသည်။ ထို့အပြင်ကျူးလွန်ခံရသော ကလေးသူငယ်များကို ကာကွယ်ရာ၌ တရားရုံး ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများတွင် အကန့်အသတ်ရှိပြီး မူရင်းနေရပ်သို့ပြန်လည်ပို့ဆောင်ခြင်း၊ မူလဝန်းကျင်အနေအထားတွင်း ပြန်လည်ပေါင်းစည်းစေခြင်းနှင့် ပြန်လည်ထူထောင်ခြင်း အစရှိသည့်အဆင့်များနှင့် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များအားလုံးအတွက် ထပ်မံတိုးချဲ့ ဖြည့်ဆည်းသတ်မှတ်ခြင်းများ ပြုလုပ်သင့်ပေသည်။ အစိုးရအနေဖြင့် ကလေးသူငယ်လူကုန်ကူးမှု

ဆိုင်ရာများအတွက် ILO နှင့် UNICEF မှရေးဆွဲတင်ပြသော နိုင်ငံတကာလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်နိုင်ရန် အကြံပြုတိုက်တွန်းခဲ့ပါသည်။ အဆုံးသတ်တွင် ချမှတ်ရမည့်ပြစ်ဒဏ်များကို ကောင်းစွာသတ်မှတ်နိုင်ခဲ့သော်လည်း လက်တွေ့အရေးယူဆောင်ရွက်ရာတွင် အထူးသဖြင့် နယ်စပ်ဖြတ်ကျော်ကျူးလွန်မှုများ၏ သဘောသဘာဝနှင့် အစောပိုင်းကာလများကတည်းက အမြစ်တွယ်ခဲ့သည့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာမှုရှိစေရန် တည်ဆောက်ခဲ့မှုနည်းပါးသည့်အနေအထားများက စိန်ခေါ်မှုအဖြစ်ကျန်ရှိနေဆဲသာဖြစ်သည်။ ကလေးသူငယ်များ အခွင့်အရေးနှင့်ပတ်သက်၍ ကော်မတီ၏တိုက်တွန်းချက်များအရ အစိုးရအနေဖြင့် ကလေးသူငယ်ရောင်းချခြင်း၊ လူကုန်ကူးခြင်းနှင့် အနိုင်အထက်/ဖြားယောင်းသွေးဆောင်ခေါ်ဆောင်ခြင်း အစရှိသည့် ပြစ်မှုကျူးလွန်သူများအတွက် ၎င်းတို့ကျူးလွန်သည့် ပြစ်မှုနှင့်အညီ ထိရောက်လုံလောက်သောအပြစ်ပေးမှုများ ဆောင်ရွက်သင့်ပါသည်။

## လက်နက်ကိုင်ပဋိပက္ခများတွင်အသုံးပြုရန်အတွက် ကလေးသူငယ်များကို လက်နက်ကိုင်အဖွဲ့များ အတွင်းမဂင်မနေရ စုဆောင်းခြင်း

မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂတို့သည် (၂၀၁၂)ခုနှစ်ဇွန်လတွင် မြန်မာ့တပ်မတော်မှ ကလေးငယ်များအား စစ်သားအဖြစ်စုဆောင်းခြင်းကို တားဆီးရန် လုပ်ငန်းစီမံချက်တစ်ရပ် ရေးထိုးခဲ့ပါသည်။ ထိုအစီအစဉ်အရ အသက် (၁၈)နှစ်အောက်ကလေးငယ်များ စစ်သည်အဖြစ်စုဆောင်းခြင်းမှ နုတ်ထွက်ခွင့်ပြုရန်ဖြစ်သည်။ တရားဥပဒေ အတိုင်းအတာအရဆိုလျှင် လက်နက်ကိုင် အဖွဲ့အစည်းများနှင့်ပတ်သက်၍ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး အပိုင်းမှာလွန်စွာအားနည်းပါသည်။ တပ်မတော်၏ ညွှန်ကြားချက်များတွင် အသက် ၁၈နှစ်အောက်ကလေးသူငယ်များကို တပ်သားသစ်အဖြစ် စုဆောင်းခြင်းမပြုရန် တားမြစ်ထားသော်လည်း ယင်းတပ်မတော်ညွှန်ကြားချက်များအပြင်၊ လက်ရှိအသုံးပြုနိုင်သည့် တစ်ခုတည်းသောဥပဒေမှာ ရပ်ကွက် (သို့) ကျေးရွာအုပ်စု အုပ်ချုပ်စီမံရေး အက်ဥပဒေဖြစ်ပြီး ယင်းဥပဒေတွင် အဓမ္မလုပ်သားခိုင်းစေခြင်းကို ပြစ်မှုကျူးလွန်မှု တစ်ရပ်အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် အသက် (၁၈) နှစ်အောက်ရှိ ကလေးသူငယ်များကို လက်နက်ကိုင်ပဋိပက္ခများတွင်ပါဝင်ရန်အဓမ္မ (သို့မဟုတ်) မဂင်မနေရလူသူစုဆောင်းခြင်းများ၊ လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ မည်သည့်အလုပ်များတွင်မဆို ကလေးငယ်များကို အသုံးချခြင်းအစရှိသည်တို့ကို ကလေးသူငယ်ဥပဒေဖြင့် အထူးတလည်တားဆီးသွားရန် အလေးအနက်တိုက်တွန်းခဲ့ပါသည်။ ကလေးသူငယ်များ၏ ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးဆိုင်ရာမူလဝန်းကျင်နှင့်ဘဝတွင် ပြန်လည်ပေါင်းစည်းနိုင်ရေးများ ကိုလည်း ပြန်လည်ဆောင်ရွက်ပေးသင့်ပါသည်။

## ကလေးသူငယ်ပြည့်တန်ဆာလုပ်ငန်း၊ ကလေးသူငယ်လိင်ဖျော်ဖြေရေးနှင့် လိင်နိုးဆွရေးလုပ်ငန်းများ

ကလေးသူငယ်ဥပဒေ အခန်း (၆၆)တွင်၊ အသက် (၁၆) နှစ်အောက်မိန်းကလေးများကို အသက်မွေးဝမ်းကျောင်းအဖြစ် ပြည့်တန်ဆာလုပ်ငန်းတွင် လုပ်ကိုင်စေသူများအား အပြစ်ပေးနိုင်သည်။ သီသာထင်ရှားသည်မှာ ထိုဥပဒေအား ပြုပြင်ပြောင်းလဲရန်ဖြစ်ပြီး အသက် (၁၈) နှစ်အောက်ရှိ ကလေးသူငယ်အားလုံး - မိန်းကလေး/ယောကျာ်းလေးများအားလုံးကို လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းမှ တားဆီးကာကွယ်ရန်ဟူသော တိကျသည့်စကားရပ်ဖြင့် အစားထိုးရန်ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်တွင် ကလေးသူငယ်များကို ပြည့်တန်ဆာလုပ်ငန်းနှင့် လိင်ဖျော်ဖြေရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးချခြင်း၊ အသုံးချရန်ရှာဖွေပေးခြင်း၊ ကမ်းလှမ်းခြင်း အစရှိသည့်အချက်များကိုလည်း အကျုံးဝင်သက်ရောက်စေသင့်သည်။

ပြစ်ဒဏ်သတ်မှတ်ချက် အခန်း (၃၇၂ နှင့် ၃၇၃) အရ အသက် (၁၈) နှစ်အောက်ရှိ မည်သူကိုမဆို ပြည့်တန်ဆာလုပ်ငန်း အတွက်အလို့ငှာရောင်းချခြင်း၊ ခေါ်ယူအသုံးချခွင့်ပြုခြင်း (သို့) အပြီးရောင်းချခြင်း/ဝယ်ယူခြင်း၊ ထိုမှတပါး အပိုင်ရရှိ သိမ်းပိုက်ခြင်းအစရှိသည်တို့ကို ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်ရပ်လုံးချမှတ်နိုင်သည်။ ထို့ကြောင့် ထိုပြဋ္ဌာန်းချက်များကို လိင်ဖျော်ဖြေရေးလုပ်ငန်းများ နှင့် လိင်ဖျော်ဖြေတင်ဆက်မှုများကိုပါ ထပ်တူသက်ရောက်စေရန် အကြံပြုတိုက်တွန်းခဲ့ပါသည်။ ပြဋ္ဌာန်းချက်အတိုင်းအတာအရ လိင်ပိုင်းဆိုင်ရာနှိပ်စက်စော်ကားခြင်း နှင့် ခေါင်းပုံဖြတ်အမြတ်ထုတ် ခံရသူများစာခံများအား သင့်လျော်ကောင်းမွန်သည့် ပြန်လည်ထူထောင်ရေးနှင့် မူလဝန်းကျင် ဘဝတွင်းပေါင်းစည်းရေးများကို လက်လှမ်းမီစေရန် ဝန်ဆောင်မှုများပါပေးသင့်ပြီး ရာဇဝတ်မှု ပြစ်ဒဏ်မကျခံရစေရန်လည်း ဆောင်ရွက်ပေးသင့်ပေသည်။

## တရားဥပဒေနှင့် မညီသောလုပ်ငန်းများမှ ကလေးသူငယ်များ

ကလေးလုပ်သားဥပဒေ အခန်း (၆၅) ပါအချက်များအရ ကလေးသူငယ်များကို အရက်/ အဖျော်ယမကာလုပ်ငန်းများတွင် အလုပ်ခန့်အပ်ခြင်း (သို့မဟုတ်) အလုပ်လုပ်ခွင့်ပြုခြင်းနှင့် လောင်းကစားပြုလုပ်ရန်တိုက်တွန်းခြင်း၊ ဆွဲဆောင်ခြင်း (သို့မဟုတ်) အားပေးကူညီခြင်းပြုသည့် မည်သူကိုမဆို ပြစ်ဒဏ်ချမှတ်နိုင်သည်။ ထို့ကြောင့် ထိုအချက်များကို မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်း၊ ပြဋ္ဌာန်းချက်အမှတ် (၁၈၂) နှင့်အညီ 'အသုံးပြုခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း (သို့) ကမ်းလှမ်းခြင်း' စသည့် အခြေအနေတစ်ရပ်ရပ်ကို ကျူးလွန်သူများအပါအဝင် တရားဥပဒေနှင့် မညီညွတ်သောလုပ်ငန်းအားလုံးအတွက်ပါ တိုးချဲ့တားမြစ်ရန် အကြံပြုတိုက်တွန်း တင်ပြခဲ့ပါသည်။

## ဘေးအန္တရာယ်ရှိသောအလုပ်

*ဘေးအန္တရာယ်ရှိသောအလုပ်* ဟူသည်မှာ ထိုအလုပ်၏ သဘောသဘာဝ (သို့မဟုတ်) လုပ်ဆောင်ရသည့်လုပ်ငန်း ပတ်ဝန်းကျင်အနေအထားအရ ကလေးသူငယ်များ၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် စိတ်ဓာတ်တို့ကိုအန္တရာယ်ဖြစ်စေ /ထိခိုက်စေသောအလုပ်များဖြစ်သည်။ ( ပြဋ္ဌာန်းချက် အမှတ် ၁၈၂ မှ အပိုဒ်ခွဲ ၃(က)၊ ပြဋ္ဌာန်းချက် ၁၈၃ မှ အပိုဒ်ခွဲ ၃.၁ )

မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေ၌ အသက် (၁၈) နှစ်အောက်ကလေးများအတွက် တားမြစ်ထားသော ဘေးအန္တရာယ်ရှိသည့်အလုပ်များ စာရင်းမရှိပါ။ ဘေးအန္တရာယ်ရှိသည့်အလုပ် ဟုရည်ညွှန်းထားသည်များမှာလည်း အကန့်အသတ် အနည်းငယ်သာဖြစ်သည်။ ကလေးသူငယ် ဥပဒေအခန်း (၆၅) သည်လည်း အသက် (၁၆)နှစ်အောက်ကလေးများကိုသာ ရည်ညွှန်းပြီး နိုင်ငံတကာ စံနှုန်းများတွင်ပြဋ္ဌာန်းထားသော ဘေးအန္တရာယ်ရှိနိုင်မှု၊ အလုပ်အမျိုးအစား၊ ကဏ္ဍများ (သို့) ဘေးအန္တရာယ်ရှိသည့် အလုပ်ခွင်ဝန်းကျင်များ စသည့်ပုံစံအားလုံးအပေါ်တွင် အကျုံးဝင် သက်ရောက်မှုမရှိပါ။ ပြင်ဆင်ထားသော အလုပ်ရုံများအက်ဥပဒေတွင် အလုပ်လုပ်ကိုသည့် လူငယ် များအား ဘေးအန္တရာယ်ရှိသည့် စက်ယန္တရားများဖြင့် လုပ်ကိုင်ခြင်းမပြုရန် (ပုဒ်မ ၂၅) အလုပ်လုပ် ကိုင်လျက်ရှိသည့် ကလေးသူငယ်များအား ဂါဖတ် (cotton opener) စက်ရုံ၏မည်သည့်နေရာတွင် မဆို အလုပ်လုပ်ကိုင်ခြင်းမပြုရန် (ပုဒ်မ ၂၉)နှင့် "ကျန်းမာရေးကိုထိခိုက်စေသော အခြေအနေ၊ ပညာရေးကို အဟန့်အတားဖြစ်စေသော အခြေအနေများ၊ အဆိုးရွားဆုံးပုံစံကဲ့သို့သော ဘေးအန္တရာယ်ရှိသည့် အခြေအနေ၊ ခေါင်းပုံဖြတ်ခြင်းခံရမည့်လုပ်ငန်းခွင်" စသည့်နေရာများတွင် အလုပ်လုပ်ကိုင်ခြင်း မပြုရန်တားမြစ်ထားပါသည် (ပုဒ်မ ၇၅က)။ ပြင်ဆင်ထားသော ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေတွင် အသက် ၁၆နှစ်အောက် ကလေးသူငယ်များအား သတ်မှတ်ထား သည့် အလုပ်ချိန်နာရီထက် ပိုမိုခိုင်းစေခြင်းမပြုရန် တားမြစ်ထားပြီး (ပုဒ်မ ၁၃ခ)၊ အသက်၁၈နှစ်အောက် လူငယ်များကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်ခြင်း မပြုရန် (ပုဒ်မ ၁၅ဃ) တားမြစ်ထားလျက်၊ အသက် ၁၆နှစ် နှင့် ၁၈နှစ် အကြားရှိလူငယ်များအား သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်း သင်တန်းများပြီးမြောက်စေရန်နှင့် ဘေးအန္တရာယ် ကင်းရှင်း ပြီး ၄င်းတို့၏ဖွံ့ဖြိုးတိုးတက်မှု၊ ကိုယ်ကျင့်တရားကို ထိခိုက်ခြင်းမရှိသည့် လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်ရန် သင့်လျော်ကြောင်း မှတ်ပုံတင် ဆရာဝန်၏ ထောက်ခံချက်လက်မှတ်ရရှိ စေရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက် များကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ရန် သတ်မှတ် ပြဋ္ဌာန်းထားပါသည် (အပိုဒ် ၁၄-င)။

ILO လမ်းညွှန်စာစဉ်အတွင်း အသေးစိတ်ရှင်းလင်းတင်ပြထားသော "ဘေးအန္တရာယ်ရှိသည့် ကလေးအလုပ်သမား ပပျောက်ရန်တစ်ဆင့်ချင်းဆောင်ရွက်ခြင်း - ကလေးများ၏ ဘေးအန္တရာယ်ရှိ သော အလုပ်ဟူသည်ကို သုံးပွင့်ဆိုင်ဆုံးဖြတ်သတ်မှတ်ခြင်း (၂၀၁၂)" တွင်ပါဝင်သည့် စာရင်းများ အတိုင်းတရားဥပဒေအရ ပိုမိုတိုးတက်ကောင်းမွန်ရန် ပြဋ္ဌာန်းသွားရမည့် အချက်များစွာရှိနေသေး သည်။ အဓိကသက်ဆိုင်သူများ ဖြေကြားပေးခဲ့သည့်အဖြေများမှ မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်

ရှိသောအလုပ်ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုများအပါအဝင် အချို့သော အထူးတလည်သိရှိရမည့် အမြင်ရှုထောင့်များကို နမူနာအဖြစ်ရရှိခဲ့ပြီးဖြစ်သည်။

ကလေးသူငယ်အလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ရှိသော အလုပ်အကိုင်နှင့် ပတ်သက်ပြီး၊ ဆုံးဖြတ်သတ်မှတ်သည့် လုပ်ငန်းစဉ်ကို အစပျိုးဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ဘေးအန္တရာယ်ရှိသော အလုပ်စာရင်းမူကြမ်းကို ၂၀၁၆ခုနှစ်တွင် ပြီးမြောက်အောင်ပြုစုနိုင်မည် ဟုမျှော်လင့်ပါသည်။

ထို့ကြောင့် ဘေးအန္တရာယ်ရှိသော အလုပ်များစာရင်းပြုစုနိုင်ရန်အတွက် ကလေးသူငယ်အလုပ်သမား ဆိုင်ရာနည်းပညာရပ်လုပ်ငန်းအဖွဲ့ TWG-CL သည် အလုပ်ရှင် ၊အလုပ်သမားများနှင့် သက်ဆိုင်သော အဖွဲ့အစည်းများနှင့် အပြန်အလှန်ဆွေးနွေးတိုင်ပင်ပြီး နောက်တွင် ILO ၏လမ်းညွှန်ချက်များ အတိုင်းအနီးကပ်ဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းပါသည်။ ထို့မှ ဘေးအန္တရာယ်ရှိသောအလုပ်များအား အသက်၁၈နှစ်အောက် ကလေးများအားလုံး ဝင်ရောက်လုပ်ကိုင်ခြင်းမှ တားမြစ်ရန် အရေးကြီးပါသည်။

## အလုပ်ချိန်များ

နေ့စဉ် (သို့မဟုတ်) အပတ်စဉ်လုပ်ကိုင်ရသည့် အလုပ်ချိန်များသည် အရွယ်ရောက်ပြီးသူများနှင့် ငယ်ရွယ်သူများအကြား ညီတူမျှတူဖြစ်သင့်သော်လည်း အချိန်ပိုနှင့် ညအချိန်အလုပ်ဆင်းရခြင်းများကို တရားဝင်အလုပ်လုပ်ခွင့်ရှိသော ငယ်ရွယ်သူအလုပ်သမားများအတွက် တင်းကြပ်စွာ တားမြစ်ဆောင်ရွက်သင့်ပါသည် ( အသက် ၁၈ နှစ်အောက်ကလေးငယ်များအတွက် တားမြစ်ထားသည့် ဘေးအန္တရာယ်ရှိသောအလုပ်များစာရင်း၏တစ်စိတ်တစ်ပိုင်းဖြစ်နိုင်သည်)။ မြန်မာနိုင်ငံတွင် အလုပ်ရုံများတွင် အသက် ၁၄ နှစ်မှ ၁၆ နှစ်ကြားကလေးများနှင့် ဆိုင်များနှင့် အလုပ်ဌာနများတွင် အသက်၁၄နှစ်နှင့် ၁၆နှစ်ကြားကလေးများသည် တစ်နေ့လျှင် ၄ နာရီထက် ပို၍အလုပ်လုပ်ခွင့်မရှိပေ။ ထို့ကြောင့်အလုပ်ရုံများအက်ဥပဒေ နှင့် ဆိုင်များနှင့်အလုပ်ဌာနများအက်ဥပဒေများအရ အသက် ၁၃နှစ် မှ ၁၅ နှစ်ကြား ကလေးသူငယ်များ (မြန်မာနိုင်ငံအနေဖြင့်ဆိုလျှင် ဖြစ်နိုင်သည်မှာ ၁၂ - ၁၄ ကြား) အားလုံးကို ပေါ့ပါးသည့်အလုပ်များကိုသာခိုင်းစေရန် အကြံပြုတိုက်တွန်းတင်ပြခဲ့ပါသည်။ ထို့အပြင် အသက်၁၈နှစ်အောက် ကလေးများကို အချိန်ပိုခိုင်းစေခြင်းအား ထိုဥပဒေနစ်ရပ်လုံးမှ တားမြစ်ထားမှုသည်လည်း အရေးကြီးပါသည်။

## ညအချိန်လုပ်ရသောအလုပ်

ILO သဘောတူညီချက် အမှတ် (၆)နှင့် အမှတ် (၇၉) တို့တွင် သတ်မှတ်ဖော်ပြထားသည့် ငယ်ရွယ်သူများအနေဖြင့် ညအချိန်နှင့် စက်မှုလုပ်ငန်းမဟုတ်သော အလုပ်အကိုင်များတွင် လုပ်ကိုင်

ရခြင်းတို့နှင့် ပတ်သက်၍ အချို့သောအထူးသီးသန့် ကိစ္စရပ်များမှလွဲပြီး အသက် (၁၈) နှစ်အောက် ကလေးများကို ညအချိန်အလုပ်လုပ်ခိုင်းစေခြင်းမှ တားမြစ်သည်။

ပြင်ဆင်ပြီး အလုပ်ရုံများအက်ဥပဒေတွင်လည်း အသက် (၁၃)နှစ်မှ (၁၅) နှစ်အတွင်း ကလေးငယ်များ (အခန်း ၇၉)ကို ညအလုပ်လုပ်စေခြင်းမှ တားမြစ်ထားသည်။ ၂၀၁၂ ခုနှစ် ILO ကျွမ်းကျင်ပညာရှင် များကော်မတီမှ တိုက်ရိုက်မေတ္တာရပ်ခံချက်ဖြင့် ( ပြဋ္ဌာန်းချက်အမှတ် (၆) အောက်မှ) အလုပ်ရုံများ အက်ဥပဒေတွင် အသက် (၁၅) နှစ်မှ (၁၈) နှစ်ကလေးများကိုပါ ထည့်သွင်းကာ ညအချိန်အလုပ် လုပ်စေခြင်းမှ အကာအကွယ်ပေးရန်အကြံပြုတိုက်တွန်း ဆောင်ရွက်ခဲ့သည်။ ညအချိန်လုပ်ရသော အလုပ်များကို အသက်(၁၈)နှစ် အောက်ရှိ ကလေးများ အားလုံးအကျုံးဝင်မှု ရှိစေရန်အကာအကွယ် ပေးတားမြစ်သည်။ (အိုင်အယ်(လ်)အို ပြဋ္ဌာန်းချက် အမှတ် (၆)၊ အပိုဒ် ၂.၁ )။ ယင်းအကြံပြုတိုက်တွန်းချက်ကို အသက် ၁၆နှစ်အောက် ကလေးသူငယ် များအား ညပိုင်းအလုပ်ခိုင်းစေခြင်းကို တားမြစ်ပြင်ဆင်ထားသော ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေအတွက် အသုံးချရမည်။

## ကလေးသူငယ်များအတွက် အိမ်ဖော်အလုပ်

*အိမ်ဖော်ကလေးသူငယ်အလုပ်သမား*ဆိုသည်မှာ က) အငယ်ဆုံးအလုပ်လုပ်ခွင့်အသက်ပြည့်မှီသည့် ကလေးငယ်များနှင့် ခ) အငယ်ဆုံးအလုပ်လုပ်ခွင့် အသက်ကျော်လွန်သော်လည်း အသက် ၁၈ နှစ်အောက်သာ ရှိသေးသော ကလေးများလုပ်ကိုင်ရသည့် အိမ်တွင်းအလုပ်များကို ဆိုလိုပြီးကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ဘေးအန္တရာယ်၊ သို့မဟုတ် အခြားခေါင်းပုံဖြတ်သည့် အနေအထားများကိုပါ ထည့်သွင်းတွက်ချက်သည်။

ILO အဖွဲ့ဝင်နိုင်ငံများသည် ILO ၏ပြဋ္ဌာန်းချက် အမှတ် ၁၃၈ နှင့် ၁၈၂ တို့တွင် ပြဋ္ဌာန်းထားသည့်အချက်များနှင့်အညီ အိမ်ဖော်အလုပ်လုပ်ရသူများ၏ အငယ်ဆုံးအသက်ကို သတ်မှတ်ရမည်ဖြစ်ပြီး ထိုသတ်မှတ်ချက်သည် အလုပ်သမားများဆိုင်ရာ နိုင်ငံတော်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများထက် ယေဘုယျအားဖြင့် မနိမ့်စေရ (ILO ပြဋ္ဌာန်းချက် အမှတ် ၁၈၉ အပိုဒ် ၄.၁)။ ထို့အပြင် အဖွဲ့ဝင်များသည် ၎င်းတို့လုပ်ကိုင်နေရသော အလုပ်ခွင်သဘောသဘာဝနှင့် အခြေအနေ၊ ကလေးငယ်များ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် စိတ်ဓာတ်ကိုထိခိုက်ဖွယ်ရှိ၊ မရှိတို့ကိုမူတည်၍ အိမ်တွင်းအလုပ်အမျိုးအစားများကို သတ်မှတ်သင့်ပြီး ထိုသို့သောအလုပ်များ တွင်လုပ်ကိုင်နေသည့် ကလေးအလုပ်သမားများပပျောက်ရန် တားဆီးဆောင်ရွက်သင့်ပါသည် (ILO ၏ ပြဋ္ဌာန်းချက် အမှတ် ၂၀၁၊ အပိုဒ် ၅.၁)။ အချို့သောသာမန်ထက်ပိုကဲသည့် ကိစ္စရပ်များတွင် အိမ်ဖော်အလုပ်လုပ်နေရသည့် ကလေးငယ်များသည် 'အဓမ္မလုပ်အားအဖြစ်' ရောက်ရှိသွားသော အနေအထားများကိုလည်း တွေ့ကြုံနိုင်သည်။ အိမ်ဖော်အလုပ်လုပ်ရသောအလုပ်သမားများ၏ အလုပ်ခွင်နှင့် နေရာထိုင်ခင်း အနေအထားများကို ကောင်းမွန်အောင်စီစစ်ဆောင်ရွက်ရာ၌ အဖွဲ့ဝင် များသည် အသက် (၁၈) နှစ်အောက်ကလေးများနှင့် နိုင်ငံတော်ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ

အရ သတ်မှတ်ထားသည့် အငယ်ဆုံးအလုပ်လုပ်ခွင့်ရှိသည့် အသက်ထက်ကျော်လွန်သော အိမ်ဖော် အလုပ်သမားများ၏ လိုအပ်ချက်များကို အထူးဂရုပြု၍ဆောင်ရွက်သင့်ပြီး (က) ၎င်းတို့အနေဖြင့် အနားယူရန်၊ ပညာသင်ကြားရန်နှင့် သင်တန်းတက်ရောက်ရန်၊ အားလပ်ချိန်လှုပ်ရှားမှုများ၊ မိသားစုနှင့်ဆက်သွယ်ခွင့်များကို လုံလောက်စွာရရှိဆောင်ရွက်နိုင်ရန်အတွက် ၎င်းတို့၏ အလုပ်ချိန် များကိုတိကျစွာကန့်သတ်ပေးထားရန်၊ (ခ) ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများကို တင်းကျပ်စွာ ထိန်းချုပ်မှုဖြစ်စေမည့် အလွန်အကျွံခိုင်းစေခြင်းများနှင့် (ဂ) ၎င်းတို့၏ အလုပ်ခွင် အနေအထားနှင့် နေထိုင်ရသည့်အခြေအနေများကို စောင့်ကြည့်ထိန်းသိမ်းရန်စနစ်တစ်ခုထူထောင်ခြင်း (သို့မဟုတ်) ပိုမိုအားကောင်း ခိုင်မာအောင်ပြုလုပ်ခြင်း (ILO ပြဌာန်းချက်အမှတ် ၂၀၁၊ အပိုဒ် ၅.၂ ) တို့ဖြင့် ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အိမ်ဖော်အလုပ်သမားများသည် အလုပ်သမားရေးရာအဖွဲ့အစည်းဥပဒေ အရသာ အကာအကွယ်ပေးနိုင်ပြီး အခြားသောအလုပ်သမားရေးရာဥပဒေများဖြင့် အကာအကွယ် မပေးနိုင်သောကြောင့် ၎င်းတို့ကိုတရားဥပဒေအရ စောင့်ရှောက်ကာကွယ်နိုင်မှုအတိုင်းအတာမှာ အကန့်အသတ်ဖြင့်သာရှိသည်။ ကလေးသူငယ်ဥပဒေ အခန်း (၂၄) အောက်တွင် အသက် (၁၆) နှစ်အောက် ကလေးများသည် ဥပဒေအရပြဌာန်းထားသော အလုပ်ချိန်သတ်မှတ်ချက်နှင့် အနား ယူချိန်များအတိုင်း အလုပ်လုပ်ခွင့်ရှိသည်။ အသက်(၁၆)နှစ်မှ (၁၈)နှစ်အတွင်းကလေးများမှာမူ မည်သည့်စည်းကမ်းကန့်သတ်ချက်နှင့် ကာကွယ်မှုမပါရှိဘဲ အိမ်ဖော်အလုပ်လုပ်ခွင့်ရှိသည်။ ထို့ကြောင့် အစိုးရအနေဖြင့် ကလေးသူငယ်များအတွက် အိမ်ဖော်အလုပ်ကိုလုပ်ကိုင်နိုင်မည့် အငယ်ဆုံးအသက်သတ်မှတ်ချက်ကို အစောတလျင်သတ်မှတ်ရန်နှင့် အလုပ်လုပ်ရန်အတွက် ယေဘုယျအငယ်ဆုံးအသက်အဖြစ် သတ်မှတ်ထားသော အသက်ထက်လျော့နည်းခြင်းမရှိစေရန် အကြံပြုတိုက်တွန်းတင်ပြခဲ့ပါသည်။ တစ်နည်းအားဖြင့် ဤကဏ္ဍအနေဖြင့် အငယ်ဆုံးအသက် သတ်မှတ်ချက်ကိုပို၍မြင့်မားစွာ ချမှတ်နိုင်ပြီး ပိုမိုတင်းကျပ်သည့် စည်းကမ်းကန့်သတ်ချက်များကိုပါ ထည့်သွင်းစဉ်းစားနိုင်သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဖြစ်စေနိုင်သောအလုပ်များ စာရင်းပြုစုရာ၌ အိမ်ဖော်/အိမ်တွင်းအကူလုပ်ငန်းများသည်လည်း ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် မူဘောင်အတွင်းတွင် ထည့်သွင်းဆွေးနွေးသင့်ပေသည်။ ထို့ကြောင့် ILO ၏ အိမ်ဖော်အလုပ်သမား များဆိုင်ရာပြ၏ဌာန်းချက်အမှတ် ၁၈၉ နှင့် အကြံပြု တိုက်တွန်းချက်အမှတ် ၂၀၁ (ပိုဒ် ၅.၁ နှင့် ၅.၂) တို့ကိုရည်ညွှန်း ဆောင်ရွက်ရန်နှင့် ကလေးသူငယ်အိမ်ဖော်အလုပ်များနှင့် ပတ်သက်သည့် တရားဥပဒေအားကောင်းလာစေရန် အကောင်းဆုံးနည်းနာများကို သတ်မှတ်ရန်အကြံပြုတိုက်တွန်း ခဲ့ပါသည်။

## ဥပဒေ အာဏာတည်စေခြင်း

မြန်မာနိုင်ငံတွင်ကလေးလုပ်သားနှင့်ပတ်သက်၍ တရားဥပဒေအရ ပြဌာန်းဆောင်ရွက်မှုများ မှာတရားမဝင်၊ သမားရိုးကျမဟုတ်သောလုပ်ငန်းများ များစွာပျံ့နှံ့တည်ရှိခြင်း၊ အလုပ်ရှင်/

အလုပ်သမားများ၏ တရားဥပဒေဆိုင်ရာ အထွေထွေကိစ္စရပ်များတွင် နိုးကြားသတိပြုမှုမရှိခြင်း၊ တရားဥပဒေစိုးမိုးရေးကို ယေဘုယျအားဖြင့် စောင့်ကြည့်ထိန်းသိမ်းသည့်စနစ်မရှိခြင်း (သို့) အဂတိလိုက်စားခြင်းနှင့် လေးစားလိုက်နာမှုမရှိခြင်းစသည့်အကြောင်းရင်းများသည် ဆယ်စုနှစ်ပေါင်းများစွာ တပ်မတော်မှအုပ်ချုပ်ခဲ့သည့်အတွက် ဖြစ်ပေါ်လာရသည့်အချက်များဖြစ်ပြီး ဥပဒေပိုင်းဆိုင်ရာတွင် အလွန်အားနည်းကာ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေဆဲဖြစ်သည်။

ကလေးသူငယ်အလုပ်သမားပြဿနာကို တားမြစ်ရန်နှင့် ငယ်ရွယ်သည့်အလုပ်သမားများကို စောင့်ရှောက်ကာကွယ်နိုင်ရန်အတွက် ကလေးအလုပ်သမားဥပဒေများအရ အားကောင်းခိုင်မာစွာ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်အတွက် အစိုးရအနေဖြင့် စဉ်းစားသင့်သည်များမှာ -

- အလုပ်အကိုင်ခန့်အပ်မှုဆိုင်ရာအလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေးအတွက် ကျယ်ပြန့်စုံလင်သည့် အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်များဖြင့် ဥပဒေ၏အကာအကွယ်ပေးနိုင်မှု အတိုင်းအတာကို ချဲ့ထွင်ရန်။
- အလုပ်သမားဥပဒေအားလုံးတွင် အမည်များ၊ အသက်များ (သို့) မွေးဖွားသည့်ရက်များ စသည်တို့ဖြင့် စနစ်တကျ မှတ်ပုံတင်စာရင်းသွင်းပြီး မှန်ကန်စွာအသိအမှတ်ပြုပေးရန်။ ဤကိစ္စနှင့် ပတ်သက်၍ အလုပ်ရုံများအက်ဥပဒေ အပိုဒ် (၈၁) ပြင်ဆင်ရန်နှင့် အသက် ၁၈နှစ်အောက် ကလေးများအားလုံးအတွက် ကလေးအလုပ်သမားဖြစ်ကြောင်း လိုအပ်သည့် မှတ်ပုံတင်စာရင်းသွင်းမှုကိုသေချာစေရန် အကြံပြုတိုက်တွန်းခဲ့ပါသည်။[1]
- လူသားအရင်းမြစ်နှင့် ဘဏ္ဍာရေးဆိုင်ရာအရင်းမြစ်များကို လုံလောက်စွာစီစဉ်ပေးပြီး အလုပ်သမားစုံစမ်းစစ်ဆေးရေးစနစ်ကို ပိုမိုအားကောင်းလာစေရန်ဆောင်ရွက်ကာ ကိုယ်ပိုင်အလုပ်လုပ်ကိုင်ကြသည့် အလုပ်သမားများကဲ့သို့ တရားဥပဒေနှင့်အကာအကွယ်ပေးမထားနိုင်သည့် အလုပ်သမားအမျိုးအစားများကိုပါ စီမံအုပ်ချုပ်နိုင်ရန် ဖြည်းဖြည်းခြင်း တိုးချဲ့ဆောင်ရွက်သွားရန်နှင့် အလုပ်သမားရေးရာစုံစမ်းစီစစ်ရေး အာဏာပိုင်များကိုလည်း အခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် တိုးမြှင့်ဆောင်ရွက်သွားရပေမည်။
- ဝန်ကြီးဌာနများအတွင်းပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရမည်ဖြစ်ပြီးအထူးသဖြင့် အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန အစရှိသည်တို့ဖြစ်ကာ တစ်နည်းအားဖြင့် ကလေးအလုပ်သမားများဆိုင်ရာ ကိစ္စရပ်များ အတွက်တုံ့ပြန်ဆောင်ရွက်နိုင်ရန် နည်းပညာရပ်လုပ်ငန်းအဖွဲ့ကဲ့သို့သော အဓိက လုပ်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းတစ်ခုကို ဖဟိုပြုတာဝန်ပေးအပ်ရန်။

[1] လက်ရှိတွင် အလုပ်ရုံများအက်ဥပဒေ၏ အပိုဒ် ၈၁သည် "ကလေးများ " သည် မှတ်ပုံတင်ရန်လိုအပ်သည်ဆိုသည့် အဓိပ္ပါယ်တွင် အသက် ၁၈နှစ်အောက် ကလေးများအားလုံးကို ဆိုလိုသည့်အချက်လားဟု သေချာစွာရှင်းလင်းမထားပါ။

- သက်ဆိုင်ရာအာဏာပိုင်များနှင့် ရဲတပ်ဖွဲ့၏ လုပ်ထုံးလုပ်နည်း၊ နည်းလမ်းများနှင့် လိုက်လျော ညီထွေရှိစေရန်။
- အခြားအရာများအနက် တရားစွဲဆိုခြင်းဆိုင်ရာလုပ်ပိုင်ခွင့်အာဏာကို တိုးမြှင့်ပေးအပ်ရန် ဖြစ်ပြီး အလုပ်သမားရေးရာဝန်ကြီးဌာနအတွင်းတွင် တရားစွဲဆိုပေးသည့် ဝန်ဆောင်မှု စနစ်များထူထောင်ကာ အထူးသဖြင့် နိုင်ငံသားများအနေဖြင့် တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်များထံသို့ မရောက်ရှိမီ တိုက်ရိုက်တင်ပြတရားစွဲဆိုနိုင်သော အထူးခုံရုံးများ (သို့) တရားမျှတမှုအတွက် လက်လှမ်းမှီလုပ်ဆောင်နိုင်သောကဏ္ဍများကိုဆောင်ရွက်ရန်။
- စောင့်ကြည့်ရေးနှင့် အကြမ်းဖက်မှုများအတွက် စောင့်ကြည့်လေ့လာတင်ပြအစီရင်ခံနိုင်ရန် အခြားသောမိတ်ဖက် အဖွဲ့အစည်းများဖြစ်သည့် အလုပ်ရှင်/အလုပ်သမားအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာအဖွဲ့အစည်းများ ပါဝင်စေရန်။

## တရားဥပဒေအရတာဝန်ခံမှုများ/ ပြစ်ဒဏ်များ

တရားဥပဒေနှင့်အညီ ထိရောက်သော အရေးယူဆောင်ရွက်မှုများအတွက် ထိရောက်စွာ တားဆီးနိုင်သည့် အပြစ်ဒဏ်ပေးခြင်းဖြင့် အရေးယူမှုများကို ဆောင်ရွက်သင့်ပါသည်။ အရေးယူမှုများမှာ အုပ်ချုပ်ရေးအရသော်လည်းကောင်း၊ တရားမမှု (သို့မဟုတ်) ရာဇဝတ်မှုအကြောင်းဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။ အုပ်ချုပ်ရေးအရအရေးယူဆောင်ရွက်မှုများမှာ အလုပ်သမားရေးရာစုံစမ်းစစ်ဆေးရေးများမှတဆင့် ဆောင်ရွက်နိုင်သည်။ တရားမမှုဥပဒေ အကြောင်းအရမှု အခြေခံအလုပ်အကိုင်ခန့်အပ်မှုဆိုင်ရာ ဆက်သွယ်ပတ်သက်မှုများနှင့် အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းမှုများ၏ သက်ဆိုင်သော လက်ရှိအလုပ်သမားဥပဒေပေါင်းချုပ် (labor code) များလိုအပ်သည်။ ရာဇဝတ်မှုလမ်းကြောင်းအရ အရေးယူမှုများသည် အဓမ္မလုပ်အား (သို့မဟုတ်) ကလေးအလုပ်သမား၏အဆိုးရွားဆုံးပုံစံများ စသည့်စိုးရိမ်ဖွယ်အကြမ်းဖက်မှုများအတွက် အရေးပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိအလုပ်သမားဥပဒေသည် အလွန်ပြင်းထန်သည့် ပြစ်ဒဏ်များချမှတ်သည်။ အလုပ်သမားဥပဒေအတွင်းရှိ အားလုံးသောအကြမ်းဖက်မှုများကို ရာဇဝတ်မှုများအဖြစ် သတ်မှတ်သည်။ ထို့ကြောင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရအရေးယူမှုများကို အကြမ်းဖက်မှုပုံစံများ၊ အခြေခံအချိုးအစားအရကိုက်ညီသော ပြစ်ဒဏ်များအရအရေးယူခြင်း အပါအဝင် အဆင့်ဆင့်ကွဲပြားသည့် အရေးယူပြစ်ဒဏ်ချမှတ်မှုအတိုင်းအတာများ ချမှတ်ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းတင်ပြခဲ့ပါသည်။ ထို့အပြင် အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို တရားဥပဒေနှင့်အညီ လုပ်ပိုင်နိုင်ခွင့်အာဏာကို အလုပ်သမားစုံစမ်းစစ်ဆေးရေးအရာရှိများအား ပေးအပ်ရန်နှင့် ကျူးလွန်သောအကြမ်းဖက်မှုများအတွက် ပြစ်ဒဏ်မချမှတ်မီ အလုပ်ရှင်များကို ပြန်လည်ပြင်ဆင်ကုစားခွင့်ပြုရန်သဘောတူညီမှုပေးခြင်းများအတွက် အကြံပြုတိုက်တွန်းခဲ့ပါသည်။ ပြည့်စုံလုံလောက်သော အလုပ်သမားဥပဒေပေါင်းချုပ် (code) များတစ်ခုမှမရှိခြင်းနှင့် အခွင့်အရေးပိုင်ဆိုင်သူ

(အလုပ်သမားများ)များ၏ နိမ့်ကျသောအသိပညာ မရှိကြခြင်းကြောင့် အလုပ်သမားရေးရာများကို တရားရုံးတင်မှုရင်ဆိုင်ခြင်းသည် လတ်တလောတွင် လွယ်ကူမှုမရှိနိုင်ချေ။ ဖော်ဆောင်လျက်ရှိသော ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုနှင့် အသိပညာတိုးမြှင့်ရေး လုပ်ဆောင်မှုများအရ စီရင်ဆုံးဖြတ်မှု ကိစ္စရပ်များသည် မြန်မာနိုင်ငံတွင်တဖြည်းဖြည်းချင်းတိုးတက် ကျင့်သုံးလာမည်ဟုမျှော်လင့်ရပေသည်။

## အရေးယူဖော်ဆောင်ရမည့် ဦးစားပေးကိစ္စရပ်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတကာစံနှုန်းများနှင့်အညီ အလုပ်သမားဥပဒေပြင်ဆင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို နိုင်ငံရေးဆိုင်ရာကတိကဝတ်ပြု ဆောင်ရွက်မှုတစ်ခုအနေဖြင့် လုပ်ဆောင်ပြသခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ကြိုးပမ်းအားထုတ်မှုများ လုပ်ဆောင်ခဲ့သော်လည်း အောက်ပါအချက်တို့အပါအဝင် ဆက်လက်ဖော်ဆောင်ရန်ကိစ္စများစွာ ကျန်ရှိပါသေးသည်။

- ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို နိုင်ငံတကာစံနှုန်းများနှင့်အညီပြန်လည်ပြင်ဆင်ရန်နှင့် အထူးသဖြင့် ကလေးအလုပ်သမားတားမြစ်ကြောင်း သတ်မှတ်ဖော်ပြရန်။
- ကလေးအိမ်ဖော်အလုပ်များကိုပါထည့်သွင်းစစ်ဆေးခြင်းအပါအဝင် အသက် (၁၈) နှစ်အောက်ကလေးငယ်များအတွက်ခွင့်မပြုသည့် အန္တရာယ်ရှိသောအလုပ်များစာရင်းကို ဖော်ထုတ်ဆောင်ရွက်ရန်
- လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ်များ ပါဝင်စေခြင်းနှင့်ပတ်သက်၍ တားမြစ်သည့် ဥပဒေများပြဋ္ဌာန်းရန်
- တရားဥပဒေအရ အရေးယူဆောင်ရွက်မှု အားကောင်းလာစေရန်နှင့် စနစ်ကျနမှုရှိသော အလုပ်သမား စုံစမ်းစစ်ဆေးရေးစနစ်ကို ဖော်ဆောင်ရန်
- အလုပ်ရှင်များ၊ အလုပ်သမားများ၊ မိဘများနှင့် ကလေးများအတွက် အလုပ်သမားဆိုင်ရာဥပဒေများနှင့်ပတ်သက်၍ ဥပဒေရေးရာအသိပညာများတိုးမြှင့်လာအောင်ဆောင်ရွက်ရန်။